ကန့်သတ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
# သစ်တောဦးစီးဌာန









# ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း

## လောက်ကိုင်ခရိုင်၊ ရှမ်းပြည်နယ်

## ၂၀၁၆ - ၂၀၁၇ ခုနှစ်မှ ၂၀၂၅ - ၂၀၂၆ ခုနှစ်အထိ

## စီမံကိန်း အပိုင်း(၁)


ပြုစုသူ

ဦးခိုင်ညွှန့် *B.Sc(Forestry)*

လက်ထောက်ညွှန်ကြားရေးမှူး


မတ်လ၊ ၂၀၁၆ ခုနှစ်

ကန့်သတ်

ကန့်သတ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

## သစ်တောဦးစီးဌာန

# ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း

# လောက်ကိုင်ခရိုင်

# ရှမ်းပြည်နယ် (လားရှိုး )

# ( ၂၀၁၆ - ၂၀၁၇ ခုနှစ်မှ ၂၀၂၅ - ၂၀၂၆ ခုနှစ်အထိ )

## အတွဲ(၁)

ပြုစုသူ
ဦးခိုင်ညွန့်
လက်ထောက်ညွှန်ကြားရေးမှူး

ဖေဖော်ဝါရီလ ၊ ၂၀၁၆ ခုနှစ်

ကန့်သတ်

# သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | စီမံကိန်းအကျဉ်းချုပ် | ၁ | ၅ |
| | အပိုင်း(၁)လက်ရှိအခြေအနေ | | |
| ၁ | **နိဒါန်း** | ၆ | ၆ |
| ၂ | **အခြေခံအချက်အလက်များ** | ၇ | ၇ |
| | ၂.၁ ဇီဝရူပဆိုင်ရာအချက်အလက်များ | ၇ | ၁၃ |
| | ၂.၂ မြေအသုံးချမှု | ၁၃ | ၁၇ |
| | ၂.၃ သစ်တောသယံဇာတအရင်းအမြစ် | ၁၇ | ၁၇ |
| | ၂.၃.၁ သစ်တောအမျိုးအစားနှင့်ဧရိယာအကျယ်အဝန်း | ၁၇ | ၁၅ |
| | ၂.၃.၂ သစ်ပင်ပေါက်ရောက်မှုအခြေအနေ | ၂၆ | ၂၆ |
| | ၂.၃.၂.၁ ကြိုးဝိုင်းတောများ | ၂၆ | ၂၇ |
| | ၂.၃.၂.၂ ကြိုးပြင်ကာကွယ်တောများ | ၂၇ | ၂၉ |
| | ၂.၃.၂.၃ ကြိုးပြင်တောများ (သစ်တောဖုံးလွှမ်းလျက်ရှိသော အစိုးရစီမံခန့်ခွဲ ပိုင်ခွင့်ရှိသောမြေ) | ၂၉ | ၃၅ |
| | ၂.၃.၃ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ | ၃၅ | ၃၅ |
| | ၂.၃.၄ သဘာဝထိန်းသိမ်းရေးနယ်မြေများ | ၃၆ | ၃၆ |
| ၃ | **လူဦးရေဆိုင်ရာ အချက်အလက်များ** | ၃၆ | ၃၇ |
| ၄ | **ယခင်အုပ်ချုပ်လုပ်ကိုင်မှု** | ၃၈ | ၃၈ |
| | ၄.၁ ထုတ်လုပ်ခြင်း | ၃၈ | ၃၈ |
| | ၄.၂ သစ်တောစိုက်ပျိုးပြုစုခြင်းနှင့် အုပ်ချုပ်လုပ်ကိုင်ခြင်း | ၃၈ | ၃၈ |
| | ၄.၃ လုပ်ငန်းဖွဲ့စည်းပုံနှင့် စီမံခန့်ခွဲခြင်း | ၃၈ | ၄၁ |
| | ၄.၄ လေ့ကျင့်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေး | ၄၂ | ၄၂ |
| | ၄.၅ အခွန်တော်ငွေနှင့် အသုံးစရိတ် | ၄၂ | ၄၂ |
| ၅ | **ယခင်လုပ်ငန်းဆောင်ရွက်မှုအပေါ် သုံးသပ်ခြင်း** | ၄၂ | ၄၂ |
| | ၅.၁ ရည်မှန်းချက်များအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု | ၄၂ | ၄၃ |
| | ၅.၂ လူမှုရေးနှင့် လူ့အဖွဲ့အစည်းဆိုင်ရာပြဿနာများ | ၄၃ | ၄၃ |
| | ၅.၃ အုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းများ | ၄၃ | ၄၃ |
| | ၅.၄ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများ ဆိုင်ရာစီစဉ်ခန့်ခွဲမှု | ၄၃ | ၄၄ |
| | ၅.၅ ပြင်ပအကြောင်းရပ်များ၏ အကျိုးသက်ရောက်မှု | ၄၄ | ၄၄ |
| | ၅.၆ လိုအပ်ချက်နှင့် ဖြည့်ဆည်းပေးနိုင်မှု | ၄၄ | ၄၄ |
| | ၅.၇ အခွန်တော်ငွေနှင့်အသုံးစရိတ် | ၄၄ | ၄၄ |
| | ၅.၈ လုပ်ငန်းများဆိုင်ရာအခက်အခဲအတားအဆီးများ | ၄၅ | ၄၅ |
| | ၅.၉ အထွေထွေ | ၄၅ | ၄၅ |
| ၆ | **နိဂုံး** | ၄၅ | ၄၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | **အပိုင်း (၂) အနာဂတ်အုပ်ချုပ်လုပ်ကိုင်မှု** | | |
| ၇ | **သစ်တောမူဝါဒ** | ၄၆ | ၄၇ |
| ၈ | **အုပ်ချုပ်လုပ်ကိုင်မှု ဦးတည်ချက်များနှင့် ရည်ရွယ်ချက်များ** | ၄၇ | ၄၇ |
| | ၈.၁ အုပ်ချုပ်လုပ်ကိုင်မှု ဦးတည်ချက်များ (၁၀နှစ် ကာလအတွက်) | ၄၇ | ၄၈ |
| | ၈.၂ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၄၈ | ၄၉ |
| ၉ | **အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းရေးဆွဲခြင်း** | ၄၉ | ၄၉ |
| | ၉.၁ ထုတ်လုပ်ရေးသဘာဝတောများ | ၅၀ | ၅၀ |
| | ၉.၁.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၅၀ | ၅၀ |
| | ၉.၁.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ | ၅၀ | ၅၀ |
| | ၉.၁.၂.၁ ထုတ်လုပ်ရေးအလုပ်တိုက်နယ် | ၅၀ | ၅၁ |
| | ၉.၂ ထုတ်လုပ်ရေးသစ်တောစိုက်ခင်းများ | ၅၁ | ၅၁ |
| | ၉.၂.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၅၁ | ၅၂ |
| | ၉.၂.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ | ၅၂ | ၅၃ |
| | ၉.၂.၂.၁ စိုက်ခင်းများအလုပ်တိုက်နယ် | ၅၄ | ၆၁ |
| | ၉.၂.၃ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများ ဆိုင်ရာစီမံခန့်ခွဲမှု | ၆၁ | ၆၂ |
| | ၉.၂.၄ ဘတ်ဂျတ်နှင့် ဘဏ္ဍာရေး | ၆၂ | ၆၂ |
| | ၉.၃ ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ | ၆၃ | ၆၃ |
| | ၉.၃.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၆၃ | ၆၃ |
| | ၉.၃.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ | ၆၄ | ၆၅ |
| | ၉.၃.၂.၁ ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ အလုပ်တိုက်နယ် | ၆၇ | ၇၁ |
| | ၉.၃.၂.၂ ပြည်သူလူထုပူးပေါင်းဆောင်ရွက်ခြင်း | ၇၁ | ၇၂ |
| | ၉.၃.၂.၃ သစ်တောပညာပေးခြင်း | ၇၂ | ၇၂ |
| | ၉.၃.၃ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများ ဆိုင်ရာစီစဉ်ခန့်ခွဲမှု | ၇၂ | ၇၃ |
| | ၉.၃.၄ ဘတ်ဂျတ်နှင့် ဘဏ္ဍာရေး | ၇၃ | ၇၃ |
| | ၉.၄ ရေဝေရေလဲသစ်တောများ | ၇၄ | ၇၄ |
| | ၉.၄.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၇၄ | ၇၄ |
| | ၉.၄.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ | ၇၅ | ၇၅ |
| | ၉.၄.၂.၁ ရေဝေရေလဲသစ်တောများအလုပ်တိုက်နယ် | ၇၆ | ၇၈ |
| | ၉.၄.၂.၂ ပြည်သူလူထုပူးပေါင်းဆောင်ရွက်ခြင်း | ၇၉ | ၇၉ |
| | ၉.၄.၂.၃ သစ်တောပညာပညာပေးခြင်း | ၇၉ | ၈၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | ၉.၅ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ | ၈၀ | ၈၀ |
| | ၉.၅.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၈၀ | ၈၀ |
| | ၉.၅.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ | ၈၀ | ၈၀ |
| | ၉.၅.၂.၁ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများအလုပ်တိုက်နယ် | ၈၀ | ၈၁ |
| | ၉.၅.၂.၂ သယံဇာတစာရင်းကောက်ယူခြင်း | ၈၁ | ၈၁ |
| | ၉.၆ သဘာဝထိန်းသိမ်းရေးနယ်မြေများ | | |
| | ၉.၆.၁ ဂေဟဟစနစ်များအုပ်ချုပ်လုပ်ကိုင်ခြင်း | ၈၁ | ၈၁ |
| | ၉.၆.၁.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ | ၈၂ | ၈၂ |
| | ၉.၆.၁.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ/အမျိုးအစား | ၈၂ | ၈၄ |
| | ၉.၆.၂ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ အုပ်ချုပ်လုပ်ကိုင်ခြင်း | ၈၄ | ၈၄ |
| | ၉.၆.၃ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများ ဆိုင်ရာစီစဉ်ခန့်ခွဲမှု | ၈၄ | ၈၄ |
| | ၉.၆.၄ ဘတ်ဂျက်နှင့် ဘဏ္ဍာရေး | ၈၄ | ၈၄ |
| | ၉.၇ သစ်တောကာကွယ်ခြင်း | ၈၅ | ၈၅ |
| | ၉.၇.၁ နယ်နိမိတ်သတ်မှတ်ပြင်ဆင်ထိန်းသိမ်းခြင်း | ၈၅ | ၈၅ |
| | ၉.၇.၂ မီးကာကွယ်ခြင်း | ၈၅ | ၈၅ |
| | ၉.၇.၃ ပိုးမွှားနှင့် ရောဂါအန္တရာယ်ကာကွယ်ခြင်း | ၈၅ | ၈၅ |
| | ၉.၇.၄ လှည့်လည်စစ်ဆေးခြင်း | ၈၆ | ၈၆ |
| | ၉.၇.၅ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းခြင်း | ၈၆ | ၈၆ |
| | ၉.၈ လေ့ကျင့်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေး | ၈၆ | ၈၆ |
| | ၉.၈.၁ လေ့ကျင့်ရေး | ၈၆ | ၈၆ |
| | ၉.၈.၂ သုတေသန | ၈၆ | ၈၆ |
| | ၉.၈.၃ ဖွံ့ဖြိုးရေး | ၈၆ | ၈၆ |
| | ၉.၉ သစ်တောအခြေခံလုပ်ငန်း | ၈၆ | ၈၆ |
| | ၉.၉.၁ ပြည်သူပိုင်ကဏ္ဍ | ၈၆ | ၈၆ |
| | ၉.၉.၂ သမဝါယမပိုင်ကဏ္ဍ | ၈၇ | ၈၇ |
| | ၉.၉.၃ ဖက်စပ်ပိုင်ကဏ္ဍ | ၈၇ | ၈၇ |
| | ၉.၉.၄ ပုဂ္ဂလိကပိုင်ကဏ္ဍ | ၈၇ | ၈၇ |
| | ၉.၁၀ သဘာဝဝန်းကျင်နှင့်ပတ်သက်၍ထည့်သွင်းစဉ်းစားရမည့်အချက်များ | ၈၇ | ၈၈ |
| | ၉.၁၁ အခြေခံအဆောက်အဦ | ၈၈ | ၉၀ |
| | ၉.၁၂ ဝန်ထမ်းအင်အားနှင့်ဘတ်ဂျက် | ၉၀ | ၁၀၀ |
| | ၉.၁၃ ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း | ၁၀၀ | ၁၀၂ |
| | ၉.၁၄ အထွေထွေ | ၁၀၃ | ၁၀၃ |
| ၁၀ | **မြေပုံနှင့် နောက်ဆက်တွဲများ** | ၁၀၄ | - |

# စီမံကိန်းအကျဉ်းချုပ်

## စီမံကိန်းအမည်

၁။ ဤစီမံကိန်းသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လောက်ကိုင်ခရိုင်အတွက် ရေးဆွဲထားသော သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း ဖြစ်ပါသည်။

## စီမံကိန်းကာလ

၂။ စီမံကိန်းကာလမှာ ၁၀နှစ်(၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ) ဖြစ် ပါသည်။

## စီမံကိန်းရည်ရွယ်ချက်

၃။ သစ်တောများ ထာဝစဉ်တည်တံ့ဖွံ့ဖြိုးရေး အုပ်ချုပ်လုပ်ကိုင်မှု (Sustainable Forest Management) ဖြင့် လောက်ကိုင်ခရိုင်အတွင်းရှိ သစ်တောသယံဇာတများကို လုပ်ငန်းစီမံကိန်း အစီအစဉ်များချမှတ်လျက် ထိန်းသိမ်းပြုစုပြီး စနစ်တကျထုတ်ယူသုံးစွဲခြင်းကို အကောင်အထည် ဖော် ဆောင်ရွက်ရန် ဖြစ်ပါသည်။

## အခွင့်အာဏာ

၄။ ၁၉၉၂ခုနှစ် သစ်တောဥပဒေပုဒ်မ-၁၀ အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းကို သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီး၏သဘောတူ ခွင့်ပြု ချက်ဖြင့် စီမံခန့်ခွဲမှု အခွင့်အာဏာများကျင့်သုံးပြီး အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါ သည်။

၅။ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တောမူဝါဒ၊ မူဝါဒသဘောထားကြေငြာချက် အခန်း ၃-၆ တွင် လည်း ယေဘူယျ လမ်းညွှန်ချက်များနှင့် ရည်မှန်းချက်များ ချမှတ်ပေးမည့် ၁၀ နှစ်စီမံကိန်း တစ်ရပ် ရေးဆွဲ ရန် မူဝါဒ လုပ်ငန်းတစ်ရပ်အဖြစ် ချမှတ်ဖော်ပြထားပါသည်။

## အကျယ်အဝန်းနှင့် လူဦးရေ

၆။ လောက်ကိုင်ခရိုင်တွင်(ခ)အဆင့်မြို့နယ် (၂)မြို့နယ်-လောက်ကိုင်မြို့နယ်၊ ကုန်းကြမ်းမြို့နယ် နှင့် (ဂ)အဆင့်မြို့နယ်(တွဲဖက်မြို့နယ်) (၂)မြို့နယ်- ချင်းရွှေဟော်မြို့နယ်ခွဲ နှင့် မော်ထိုက်မြို့နယ်ခွဲတို့ ပါဝင်ပါသည်။ ခရိုင်၏ဧရိယာအကျယ်အဝန်းမှာ (၄၆၇၉၃)ဧက ရှိပါ သည်။ ၂၀၁၄ ခုနှစ် လူဦးရေ သန်းခေါင်စာရင်းအရ နေထိုင်သည့် လူဦးရေမှာ (၁၅၄၉၁၂)ဦး ဖြစ်ပါသည်။

## မြေမျက်နှာသွင်ပြင်

၇။ လောက်ကိုင်ခရိုင်အတွင်း သံလွင်မြစ်နှင့် ရှောက်ကိုင်ချောင်းတို့မှာ အဓိကမြစ်ချောင်း များ ဖြစ်ကြပါသည်။ သံလွင်မြစ်သည် မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းပြီး ရှောက်ကိုင်းချောင်း သည် အရှေ့မှ အနောက်သို့ စီးဆင်းပြီး သံလွင်မြစ်အတွင်းသို့ စီးဝင်ပါသည်။ မြေမျက်နှာသွင်ပြင် အနေအထားမှာ မြင့်မားသော တောင်ကုန်း၊ တောင်တန်းများဖြင့် မတ်စောက် ပါသည်။ လောက်ကိုင် မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ (၃၁၀၀)တွင် တည်ရှိပြီး အမြင့်ဆုံးတောင်မှာ လီရင်ရှန်းတောင်ဖြစ်၍ ပင်လယ်ရေမျက်နှာပြင် အထက် အမြင့် (၈၃၁၇)ပေ တွင် တည်ရှိပြီး အနိမ့်ဆုံးနေရာမှာ ချိုင့်ဝှမ်းနှင့် လျှိုမြောင်များဖြစ်ပြီး၊ အမြင့်ပေ ၁၂၀၀ မှ ၁၄၀၀ အတွင်း တည်ရှိ ပါသည်။

## ရာသီဥတု

၈။ လွန်ခဲ့သော ၁၀ နှစ်တာကာလအတွင်း လောက်ကိုင်ခရိုင်၏ အမြင့်ဆုံးနှင့် အနိမ့်ဆုံး အပူချိန် များမှာ ၃၃ နှင့် ၂ ဒီဂရီ စင်တီဂရိတ်ဖြစ်ပြီး တစ်နှစ်ပတ်လုံး ပျှမ်းမျှမိုးရေချိန်မှာ (၄၉.၁၃)လက်မ ဖြစ်ပါသည်။

## သစ်တောမြေအသုံးချမှု

၉။ လောက်ကိုင်ခရိုင်၏ လက်ရှိသစ်တောမြေအသုံးချမှုအခြေအနေမှာအောက်ပါအတိုင်းဖြစ် ပါသည်-

| စဉ် | အမျိုးအစား | အရေအတွက် | ဧရိယာ(ဧက) | ခရိုင်ဧရိယာ၏ % |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁ | ကြိုးဝိုင်းတော | - | - | - |
| ၂ | ကြိုးပြင်ကာကွယ်တော | - | - | - |
| ၃ | သဘာဝထိန်းသိမ်းရေးနယ်မြေ | - | - | - |
| | **စုစုပေါင်း** | **-** | **-** | **-** |
| ၄ | ကြိုးပြင်တော (သစ်တောဖုံးလွှမ်းလျက်ရှိသော အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ) | | ၁၄၈၈၁ | ၃.၁၈ |

ဇစ်မြစ် - လောက်ကိုင်ခရိုင်၊ သစ်တောဦးစီးဌာန

**တောအမျိုးအစားနှင့် သစ်၊ ကြိမ်၊ ဝါးများ**

၁၀။ လောက်ကိုင်ခရိုင်၏ အဓိက ပေါက်ရောက်သည့် တောအမျိုးအစားမှာ တောင်ပေါ် အမြဲစိမ်းတောမျိုးဖြစ်ပြီး ရတနာတန်းဝင် သစ်မျိုးမဟုတ်သည့် လက်ပံ၊ ဒီဒူး၊ စကားဝါ၊ စစ်၊ နှော စသည့် သစ်မျိုးများ အနည်းအကျဉ်း ပေါက်ရောက်ပါသည်။ ဝါးပိုး၊ ဝါးဖြူ စသည့် ဝါးအမျိုးအစားများကို တွေ့ရှိရပါသည်။

**သစ်ပင်ပေါက်ရောက်မှုနှင့် သစ်ထုထည်**

၁၁။ လောက်ကိုင်ခရိုင်အတွင်းတွင် ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများ ဖွဲ့စည်းထားခြင်းနှင့် ဖွဲ့စည်းရန် အဆိုပြုတင်ပြထားသည့် သစ်တောနယ်မြေဧရိယာများ မရှိပါ။ ကြိုးပြင်တောမြေ ဧရိယာများသာရှိပါသည်။ ဤစီမံကိန်းရေးဆွဲသည့်အချိန်တွင် လောက်ကိုင်ခရိုင်အတွင်း၌ နယ်မြေလုံခြုံရေးအခြေအနေအရ သစ်တောသယံဇာတစာရင်း ကောက်ယူနိုင်ခြင်းမရှိခဲ့ပါ။ ယခင် ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း ကောက်ယူထားသော ကိန်းဂဏန်းများကို အခြေခံ၍ ကြိုးပြင်တောဧရိယာများမှ ပင်ထောင်ဇယားနှင့် ထုထည်ဇယားကို ခန့်မှန်းဖော်ပြထားပါသည်။

**လွန်ခဲ့သည့် ၁၀ နှစ်တာကာလ အတွင်း ထုတ်လုပ်မှု**

၁၂။ လောက်ကိုင်ခရိုင်၌ လွန်ခဲ့သည့် ၁၀ နှစ်တာ ကာလအတွင်း သစ်ထုတ်လုပ် ခဲ့ခြင်းမရှိပါ။

**သစ်အခြေခံ စက်မှုလုပ်ငန်းများ**

၁၃။ လောက်ကိုင်ခရိုင်အတွင်း သစ်အခြေခံ စက်မှု၊ လက်မှု လုပ်ငန်းများ မရှိပါ။

**အလုပ်တိုက်နယ်များ**

၁၄။ လောက်ကိုင်ခရိုင်ကို အောက်ဖော်ပြပါအတိုင်း အလုပ်တိုက်နယ်များ ဖွဲ့စည်းတည်ထောင်ထားပြီး ချမှတ်ရေးဆွဲထားသော လုပ်ငန်းအစီအစဉ်များနှင့်အညီ သိပ္ပံနည်းကျ စီမံအုပ်ချုပ် လုပ်ကိုင်သွားမည် ဖြစ်ပါသည်-

(က) **ထုတ်လုပ်ရေးအလုပ်တိုက်နယ်**

လောက်ကိုင်ခရိုင်တွင် လက်ရှိသဘာဝတောများ၏ အခြေအနေအရ အဖိုးတန်သစ်မျိုးများ ပါဝင်ပေါက်ရောက်မှုနည်းပါးခြင်း၊ သစ်ထုတ်ရန် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ လုံခြုံရေးအရဝန်ထမ်းများ စစ်ဆေးကြီးကြပ်နိုင်မှုမရှိခြင်း စသည့်အခြေအနေများကြောင့် ထုတ်လုပ်ရေးအလုပ်တိုက်နယ် ဖွဲ့စည်းနိုင်မှု မရှိပါ။

## (ခ) စိုက်ခင်းများ အလုပ်တိုက်နယ်

စိုက်ခင်းများ အလုပ်တိုက်နယ်ကို လောက်ကိုင်ခရိုင်အတွင်းရှိ သဘာဝတောများအား တန်ဖိုးမြှင့်တင်နိုင်ရန်နှင့် သစ်တောသယံဇာတများကို အကျိုးရှိစွာအသုံးပြုခြင်းဖြင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ဖွဲ့စည်းထား ခြင်းဖြစ်ပါသည်။ စိုက်ခင်းများအလုပ်တိုက်နယ်တွင် တည်ထောင်ထားသော စီးပွားရေး (ထင်းရှူး)စိုက်ခင်း(၁၀၀)ဧက၊ ပုဂ္ဂလိက(သစ်မာ)စိုက်ခင်း (၇၇၇)ဧကတို့ကို ထည့်သွင်း ဖွဲ့စည်းထားပါသည်။ လက်ရှိလုံခြုံရေးအခြေအနေအရစီမံကိန်းကာလအတွင်းဌာနပိုင်စီးပွား ရေးစိုက်ခင်းနှင့်ပုဂ္ဂလိကစိုက်ခင်းများတည်ထောင်ရန်စိုက်ခင်းမြေနေရာ ကွင်းဆင်းရွေးချယ် နိုင်မှုမရှိပါ။ လုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်လာပါက ကွင်းဆင်းစစ်ဆေး၍ စီးပွားရေးစိုက်ခင်းများ တိုးချဲ့တည်ထောင်နိုင်ရေးနှင့် အလုပ်တိုက်နယ်ပြန်လည်ပြင်ဆင် ဖွဲ့စည်းနိုင်ရေး ဆက်လက်တင်ပြ ဆောင်ရွက်သွားပါမည်။

## (ဂ) ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ အလုပ်တိုက်နယ်

ဒေသခံပြည်သူလူထု၏ အခြေခံလိုအပ်ချက်ဖြစ်သော ထင်း၊ ဝါး၊ တိုင်/မျော စသည့် သစ်တောထွက်ပစ္စည်းများအား သဘာဝဝန်းကျင်ကို ထိခိုက်မှုမရှိဘဲ စဉ်ဆက်မပြတ်ထုတ်ယူ နိုင်ရေးအတွက် ဒေသ၏လိုအပ်ချက်နှင့် ပံ့ပိုးဖြည့်ဆည်းနိုင်မှု အခြေအနေတို့ပေါ်မူတည်၍ ဒေသထောက်ပံ့ရေး/ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ အလုပ်တိုက်နယ်ကို ဖွဲ့စည်း ထားခြင်းဖြစ်ပါသည်။ လောက်ကိုင်ခရိုင်တွင် တည်ထောင်ပြီးကျေးရွာသုံးစိုက်ခင်း(၃၆၀) ဧကအား ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ အလုပ်တိုက်နယ် တွင် ထည့်သွင်းဖွဲ့စည်းထားပါသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းများ တည်ထောင်ထားခြင်းမရှိပါ။ ဒေသလိုအပ်ချက်ကို အပြည့်အဝပံ့ပိုးဖြည့်ဆည်းပေးရန် အတွက် ကျေးရွာသုံးစိုက်ခင်းများ တိုးချဲ့တည်ထောင်ရန်နှင့်ကြိုးပြင်တောဧရိယာ (သစ်တော ဖုံးလွှမ်းလျက်ရှိသော အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ)များတွင် ဒေသထောက်ပံ့ရေးအကွက် များ ဖွဲ့စည်းသတ်မှတ်ပေးရန် ဖြစ်သော်လည်း နယ်မြေလုံခြုံရေးအရ ဆောင်ရွက်နိုင်မှုမရှိပါ။ လုံခြုံရေးအခြေအနေတိုးတက်ကောင်းမွန်လာပါက ကွင်းဆင်းစစ်ဆေး၍ အလုပ်တိုက်နယ် ပြန်လည်ပြင်ဆင်ဖွဲ့စည်းနိုင်ရေး ဆက်လက်တင်ပြ ဆောင်ရွက်သွားပါမည်။

## (ဃ) ရေဝေရေလဲအလုပ်တိုက်နယ်

လောက်ကိုင်ခရိုင်အတွင်းရှိ ဆည်တမံများ၊ ရေထွက်များနှင့် မြစ်ချောင်းများ၏ အဓိကကျသော ရေဝေရေလဲဧရိယာများကို ထိန်းသိမ်းကာကွယ်ရန်နှင့် စနစ်တကျအုပ်ချုပ် လုပ်ကိုင်နိုင်ရန်အတွက် ရေဝေရေလဲသစ်တောများ အလုပ်တိုက်နယ်ကို ဖွဲ့စည်းထားခြင်း

ဖြစ်ပါသည်။ ရေဝေရေလဲသစ်တောများ အလုပ်တိုက်နယ်တွင် တည်ထောင်ပြီးရေဝေရေလဲ စိုက်ခင်း(၅၀)ဧကကို ထည့်သွင်းဖွဲ့စည်းထားပါသည်။ နယ်မြေလုံခြုံရေးအခြေအနေအရ ထိန်းသိမ်းကာကွယ်ရန် လိုအပ်သည့် ရေဝေရေလဲဧရိယာများနှင့် ရေဝေရေလဲစိုက်ခင်း တည်ထောင်ရန် လိုအပ်သောဧရိယာများကို ကွင်းဆင်းစစ်ဆေးနိုင်ခြင်းမရှိပါ။ လုံခြုံရေး အခြေအနေတိုးတက်ကောင်းမွန်လာပါက ကွင်းဆင်းစစ်ဆေး၍ အလုပ်တိုက်နယ်ပြန်လည် ပြင်ဆင်ဖွဲ့စည်းနိုင်ရေး ဆက်လက် တင်ပြဆောင်ရွက်သွားပါမည်။

(င) **သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများ အလုပ်တိုက်နယ်**

လောက်ကိုင်ခရိုင်တွင် လက်ရှိသဘာဝတောများ၏ အခြေအနေအရ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများကို စီးပွားဖြစ်ထုတ်ယူနိုင်မှု မရှိပါ။ မိမိသုံးအတွက် တစ်ပိုင်တစ်နိုင် အနည်းငယ်ထုတ်ယူခြင်းသာ ရှိပါသည်။ ထို့ပြင်နယ်မြေလုံခြုံရေးအခြေအနေအရ ကွင်းဆင်း စစ်ဆေးနိုင်မှုမရှိသဖြင့် သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများ အလုပ်တိုက်နယ် ဖွဲ့စည်းနိုင်ခြင်းမရှိပါ။

(စ) **သဘာဝထိန်းသိမ်းရေးနယ်မြေများ**

လောက်ကိုင်ခရိုင်တွင် သဘာဝထိန်းသိမ်းရေးနယ်မြေများ ဖွဲ့စည်းတည်ထောင်ထားမှု မရှိပါ။

## တည်ထောင်ပြီး စိုက်ခင်းများ

၁၅။ လောက်ကိုင်ခရိုင်တွင် ၁၉၉၀-၁၉၉၁ ခုနှစ်မှ လက်ရှိအချိန်အထိ သစ်တောစိုက်ခင်း (၅၁၀) ဧက တည်ထောင်စိုက်ပျိုးခဲ့ပါသည်။ စိုက်ခင်းအမျိုးအစားအလိုက် တည်ထောင်ပြီးစီးမှုမှာ စီးပွါးရေး စိုက်ခင်း (၁၀၀)ဧက၊ ကျေးရွာသုံးထင်းစိုက်ခင်း (၃၆၀)ဧက၊ ရေဝေရေလဲစိုက်ခင်း (၅၀)ဧက တို့ဖြစ် ပါသည်။

## သစ်တောခရိုင် ဖွဲ့စည်းပုံ

၁၆။ လောက်ကိုင်ခရိုင်တွင်(ခ)အဆင့်မြို့နယ်(၂)မြို့နယ်- လောက်ကိုင်မြို့နယ်၊ ကုန်းကြမ်းမြို့နယ် နှင့် တွဲဖက်မြို့နယ်(၂)မြို့နယ်-ချင်းရွှေဟော်မြို့နယ်ခွဲ၊ မော်ထိုက်မြို့နယ်ခွဲ တို့ပါဝင်ပြီး တောအုပ်ကြီး (၂)ဦး ပါဝင်သည့် အမှုထမ်း(၂၄)ဦးဖြင့် ဖွဲ့စည်းထားသော်လည်း လက်ရှိအချိန်တွင် တောအုပ်ကြီး (၂)ဦးအပါအဝင် ဝန်ထမ်း(၈)ဦးဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

# အပိုင်း(၁)

# လက်ရှိ အခြေအနေ

## ၁။ နိဒါန်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊လောက်ကိုင်ခရိုင်၏ ၂၀၀၆-၂၀၀၇ ခုနှစ်မှ၂၀၁၅-၂၀၁၆ ခုနှစ် အထိ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းအား ဦးမြ၊ လက်ထောက်ညွှန်ကြားရေးမှူး မှ ဦးဆောင်၍ သစ်တောအရာရှိများမှ ရေးဆွဲခဲ့ကြပါသည်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၏ (၂၀.၈.၂၀၁၀) ရက်စွဲပါစာအမှတ်၊ ၀၄/ နယက (၃) / မညာ-၁ ဖြင့် ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် ၊ ၃၃/၂၀၁၀၊ အပိုဒ် ၁။ အပိုဒ်ခွဲ (စ) အရ ရှမ်းပြည်နယ်ရှိ ကုန်းကြမ်းမြို့နယ်နှင့် လောက်ကိုင်မြို့နယ် တို့ကိုစုစည်းပြီး "ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ"အဖြစ် သတ်မှတ်ခဲ့ပါသည်။**

၂၀၁၀ ခုနှစ်၊ ဧပြီလ(၂၆) ရက်နေ့တွင် သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ နေပြည်တော်၌ ကျင်းပပြုလုပ်သည့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း ပြန်လည်ပြင်ဆင်ရေးဆွဲခြင်းဆိုင်ရာ အစည်းအဝေးတွင်သစ်တောဦးစီးဌာန၏ သစ်တောခရိုင်များအလိုက် ရေးဆွဲခဲ့ပြီးသော သစ်တော အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများကို ပြန်လည်သုံးသပ်ရာတွင် လက်ရှိအခြေအနေနှင့် လိုက်လျော ညီထွေရှိသည့် သစ်တောများ ထာဝစဉ်တည်တံ့စေသော အုပ်ချုပ်လုပ်ကိုင်မှု နည်းစနစ်များ နှင့်အညီ ပြန်လည်ပြုစု ရေးဆွဲနိုင်ရေးအတွက် အားလုံးက အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း လမ်းညွှန်ချက်အရ ဦးတင်မောင်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူးမှ ဦးဆောင် ၍ ပြန်လည် ရေးဆွဲခဲ့ပါသည်။

ယခု ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ် အထိ သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်း အား ဦးခိုင်ညွှန့်၊ လက်ထောက်ညွှန်ကြားရေးမှူးမှ ဦးဆောင်၍ အောက်ပါဝန်ထမ်းများမှ ပြန်လည် ပြင်ဆင်ရေးဆွဲခြင်း ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| ၁။ | ဦးခိုင်ညွှန့် | လက်ထောက်ညွှန်ကြားရေးမှူး | လားရှိုးခရိုင် |
| ၂။ | ဦးစိုင်းထွန်းလူ | မြို့နယ်ဦးစီးဌာနမှူး | လောက်ကိုင်မြို့နယ် |
| ၃။ | ဦးလှမျိုးနိုင် | မြို့နယ်ဦးစီးဌာနမှူး | ကုန်းကြမ်းမြို့နယ် |
| ၄။ | ဒေါ်ခင်မျိုးတင့် | ဌာနခွဲစာရေး | လားရှိုးခရိုင် |

## ၂။ အခြေခံအချက်အလက်များ

### ၂.၁ ဇီဝရူပဆိုင်ရာ အချက်အလက်များ

#### ၂.၁.၁ တည်နေရာ၊ ဧရိယာအကျယ်အဝန်းနှင့် ဥပဒေအကျိုးသက်ရောက်မှု

(က) လောက်ကိုင်ခရိုင်တွင် လောက်ကိုင်မြို့နယ်၊ ကုန်းကြမ်းမြို့နယ်၊ ချင်းရွှေဟော်မြို့နယ်ခွဲ နှင့် မော်ထိုက်မြို့နယ်ခွဲတို့ ပါဝင်ပါသည်မြောက်ဘက်နှင့် အရှေ့ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊တောင်ဘက်တွင် ကွမ်းလုံမြို့နယ်နှင့် ဟိုပန်မြို့ နယ်၊အနောက်လက်တွင် မူဆယ်မြို့နယ်တို့ပါတည်ရှိပါသည်။

( ခ ) လောက်ကိုင်ခရိုင်သည် အရှေ့လောင်ဂျီတွဒ် ၉၈° ၂၅' မှ ၉၈° ၅၀' အကြားနှင့် မြောက်လတ္တီတွဒ် ၂၃° မှ ၂၄° ၁၀' အကြားတွင် တည်ရှိ ပါသည်။

( ဂ ) လောက်ကိုင်ခရိုင်၏ နယ်နိမိတ် အလားအလာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**မြောက်ဘက်။** မြောက်ဘက်တွင် မြန်မာနိုင်ငံ မူဆယ်ခရိုင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၊ နယ်နိမိတ်တို့ဆုံသည့် မန်ဟင်ချောင်း(Man Hin)နှင့် သံလွင်မြစ် ဆုံရာဂွဆုံ (BP.105 1,2,3 နေရာ) ယာယီဘုတ်တိုင်အမှတ်၊ MG.632590 မှ အစပြု၍ သံလွင်မြစ်အတိုင်း အရှေ့မြောက်ဘက်သို့ ဆန်တက်လာရာ တီခိုင်ကော (Ti Kai Kau)ချောင်း နှင့်ဆုံသည့် နှစ်နိုင်ငံ နယ်နိမိတ် ခန့်မှန်းမြေပုံညွှန်း(MG.718789)အထိ လည်းကောင်း၊

**အရှေ့ဘက်။** အရှေ့ဘက်တွင် ခန့်မှန်းမြေပုံညွှန်း (MG.718789) တီခိုက်ကောချောင်းမှ နှစ်နိုင်ငံ နယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့ ဆန်တက်လာရာ (BP. 108) အထိ၊ ထိုမှ တီခိုက်ကောချောင်းနှင့် တာဝချောင်းကြား ရေဝေခင်ကျောနှစ်နိုင်ငံ နယ်နိမိတ်အတိုင်း အနောက်တောင် ဘက်သို့လားရာ (Hlyan Hu Shwe) တောင်ကုန်း အမှတ်(၂၀၂၉)ရောက်သည်အထိ၊ထိုမှနှစ်နိုင်ငံ နယ်နိမိတ် ရေဝေခင်ကြောအတိုင်း အနောက်ဘက်သို့လာရာ တောင်ကုန်းအမှတ် (၂၃၅၄)အထိ၊ ၎င်းမှနှစ်နိုင်ငံနယ်နိမိတ် အနောက်တောင် ဘက်သို့ဆက်၍ လာရာ၊ တောင်ကုန်းအမှတ်(၂၀၁၀)အထိ၊ထိုမှ အနောက်တောင်ဘက်သို့ ဆက်လက်

၍လာရာ BP. 111 အထိ၊ ထိုမှနှစ်နိုင်ငံ နယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့ ဆက်လက် လာရာ တောင်ကုန်းအမှတ် (၁၉၇၃)BP.112အထိ၊ ထိုမှ နှစ်နိုင်ငံ နယ်နိမိတ်အတိုင်း အနောက်တောင်ဘက်သို့ ဆက်၍ လာရာ BP. 113 ဝါးရမ်းခူ ချောင်းဖျားနှင့် ဆုံသည်အထိ၊ ထိုမှ ဝါးရမ်းခူချောင်း အတိုင်း အရှေ့ တောင်ဘက်သို့ ဆက်လက်လာရာ BP.115 အထိ၊ ထိုမှ အရှေ့ ဘက်သို့ဆက်လာရာ BP.116 အထိ၊ ၎င်းမှ အရှေ့ မြောက်ဘက်သို့လာရာ ပန်းချောင်းဟိုချောင်း ခွဆုံအထိ၊ ထိုချောင်းအတိုင်း အရှေ့ဘက်သို့ ဆက်လက် စုံဆင်းလာရာ ရော့်လျှုချန်းဟိုချောင်းနှင့် ဆုံသည့် BP.117 အထိ၊ ထိုချောင်း အတိုင်း အရှေ့ဘက်သို့ ဆန်တက်လာရာ ချောင်းဖျားထိပ် BP.1199 အထိ၊ ထိုမှ နှစ်နိုင်ငံနယ်နိမိတ်အတိုင်း အရှေ့ တောင် ဘက်သို့ ဆက်၍လာရာ ရန်လုံကျိုင်းကျေးရွာ အထိ၊ ထိုမှနှစ်နိုင်ငံ နယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့ ဆင်း လာရာ BP.114 အထိ၊ ၎င်းမှ နှစ်နိုင်ငံနယ်နိမိတ်အတိုင်း အရှေ့ တောင်ဘက်သို့ ဆက်လက်ဆင်းလာရာ ချင်းရွှေဟော်မြို့ အရှေ့ ဘက်ရှိ နှစ်နိုင်ငံနယ်နိမိတ် နမ့်တစ်ချောင်း ဆုံသည့် BP. 145 အထိလည်းကောင်း၊

**တောင်ဘက်။** တောင်ဘက်တွင် ကွတ်ခိုင်မြို့နယ်နှင့် လောက်ကိုင် မြို့နယ်တို့ နယ်နိမိတ်ခြင်း ထိစပ်သည့် သံလွင်မြစ်ကြောင်းအတိုင်း တောင် ဘက်သို့ဆင်းလာရာ သံလွင်မြစ်၏အရှေ့ဘက်ရှိ မန်ခါးရွာ အထိ လည်းကောင်း၊

**အနောက်ဘက်။**အနောက်ဘက်တွင်မူဆယ်မြို့နယ်၊ ကွမ်းလုံခရိုင်၊ ကုန်းကြမ်း မြို့နယ်၊ နယ်နိမိတ်(၂)ခု ဆုံရာမှစတင်၍ မူဆယ်မြို့နှင့် ကွတ် ခိုင်မြို့နယ်တို့၏ အရှေ့ဘက် နယ်နိမိတ်တစ်လျှောက် သံလွင် မြစ်အတိုင်း ကွတ်ခိုင်မြို့နယ်၊ သိန်းနီမြို့နယ်၊ နမ္မတူမြို့နယ် နယ်နိမိတ်(၃) နေရာဆုံသည့် နေရာအထိ လည်းကောင်း၊

(ဃ) လောက်ကိုင်ခရိုင်အတွင်း ထင်ရှားသည့်မြစ်ချောင်းများမှာ သံလွင်မြစ်၊ ရှောက်ကိုင်ချောင်း တို့ဖြစ်ပါသည်။ သံလွင်မြစ်သည် မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းပြီး ရှောက်ကိုင်ချောင်းသည် အရှေ့မှအနောက်သို့ စီးဆင်းကာ သံလွင်မြစ် အတွင်းသို့ စီးဝင်ပါသည်။

( င )	လောက်ကိုင်ခရိုင်၏ ဧရိယာအကျယ်အဝန်းမှာ (၄၆၇၉၉၃)ဧကရှိပြီး၊ ကြိုးဝိုင်းနှင့်ကြိုးပြင် ကာကွယ်တောများ ဖွဲ့စည်းထားခြင်းမရှိပါ။

## ၂.၁.၂ မြေမျက်နှာသွင်ပြင်

လောက်ကိုင်ခရိုင်၏ မြေမျက်နှာသွင်ပြင်အနေအထားမှာမြင့်မားသော တောင်ကုန်း တောင်တန်းများဖြစ်ပြီး လျှောစောက်အနေအထားရှိပါသည်။ လောက်ကိုင်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ(၃၁၀၀)တွင်တည်ရှိပါသည်။ အမြင့်ဆုံး တောင်မှာ လီရင်တန်းတောင်ဖြစ်ပြီး၊ (၈၃၁၇)ပေ ဖြစ်ပါသည်။ အနိမ့်ဆုံးမှာ (၁၂၀၀)ပေမှ (၁၄၀၀)ပေအထိရှိပြီး ချိုင့်ဝှမ်းနှင့် လျှိုမြောင်များ ဖြစ်ပါသည်။ ထင်ရှားသော မြစ်ချောင်းများမှာ သံလွင်မြစ်နှင့် ရှောက်ကိုင်ချောင်းတို့ ဖြစ်ပါသည်။

## ၂.၁.၃ ဘူမိဗေဒနှင့် မြေဆီလွှာ

ခရိုင်၏ ဘူမိဗေဒနှင့်ပတ်သက်၍ အများအားဖြင့် ထုံးကျောက်တောင်များ ဖြစ် ပါသည်။ မြေအမျိုးအစားမှာနုံးမြေ၊ကျောက်ကြေမြေနု၊ ထုံးပေါက်လယ်မြေ၊ တောင်မြင့်ညိုရောင်တောမြေ၊ မြေနီ၊ မြေဝါနှင့် တောခြောက်မြေများ တွေ့ရှိရပါသည်။

## ၂.၁.၄ ရာသီဥတု

လောက်ကိုင်ခရိုင်၏ အမြင့်ဆုံးအပူချိန်မှာ ၃၃.၀°C ဖြစ်ပြီး၊ အနိမ့်ဆုံးအပူချိန် ၂.၀°C ဖြစ်ပါသည်။တစ်နှစ်ပတ်လုံးပျမ်းမျှမိုးရေချိန်မှာ(၅၆.၅၈)လက်မ ဖြစ်ပြီး၊ပျမ်းမျှစိုထိုင်းဆရာခိုင်နှုန်းမှာ(၈၉.၈၂%)ဖြစ်ပါသည်။ လောက်ကိုင်ခရိုင်၏ ၂၀၀၆ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ လအလိုက်ပျမ်းမျှအပူချိန်နှင့် မိုးရေချိန်စာရင်းကို ဇယား(၂-၁-၄)ဖြင့် လည်းကောင်း တစ်နှစ်ပတ်လုံးရွာသွန်းခဲ့သည့် မိုးရေချိန်စာရင်းကိုဇယား ၂-၁-၄(က)ဖြင့် လည်းကောင်း ဖော်ပြအပ်ပါသည်။

## ၂.၁.၅ ဇလဗေဒ၊ ရေစီးရေလာနှင့် ရေရရှိမှု

ခရိုင်အတွင်းရှိ အဓိကမြစ်ချောင်းများမှာ သံလွင်မြစ်သည် မြောက်ဖက်မှ မြစ်ဖျားခံ၍ တောင်ဘက်သို့စီးဆင်းပြီး ရှောက်ကိုင်ချောင်းသည် အရှေ့ဘက် မှအနောက်ဘက်သို့ စီးဆင်းပြီး သံလွင်မြစ်တွင်းသို့ စီးဝင်ပါသည်။

## လောက်ကိုင်ခရိုင် အတွင်းရှိ ရာသီဥတု ဆိုင်ရာအချက်အလက်များ
## (၂၀၀၆ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ)

ဇယား(၂.၁.၄)

| လအမည် | ပျမ်းမျှ မိုးရေချိန် (လက်မ) | ပျမ်းမျှ အပူချိန် (စင်တီဂရိတ်) | အမြင့်ဆုံး အပူချိန် (စင်တီဂရိတ်) | အနိမ့်ဆုံး အပူချိန် (စင်တီဂရိတ်) | စိုထိုင်းဆ (ရာခိုင်နှုန်း) |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| ဇန်နဝါရီလ | - | ၁၁.၀၀ | ၂၀.၀၀ | ၂.၀၀ | ၇၁.၂၅ |
| ဖေဖော်ဝါရီလ | ၀.၈၀ | ၁၃.၅၀ | ၂၃.၀၀ | ၄.၀၀ | ၆၇.၄၀ |
| မတ်လ | - | ၁၇.၅၀ | ၂၇.၀၀ | ၈.၀၀ | ၅၈.၇၃ |
| ဧပြီလ | ၀.၄၀ | ၂၀.၀၀ | ၂၉.၀၀ | ၁၁.၀၀ | ၇၄.၂၀ |
| မေလ | ၁.၀၀ | ၂၆.၀၀ | ၃၀.၀၀ | ၂၂.၀၀ | ၈၂.၅၀ |
| ဇွန်လ | ၈.၄၆ | ၂၆.၀၀ | ၃၂.၀၀ | ၂၀.၀၀ | ၈၆.၄၄ |
| ဇူလိုင်လ | ၁၉.၈၀ | ၂၆.၀၀ | ၃၂.၀၀ | ၂၁.၀၀ | ၈၄.၅၇ |
| ဩဂုတ်လ | ၁၁.၈၀ | ၂၆.၅၀ | ၃၃.၀၀ | ၂၂.၀၀ | ၅၇.၆၃ |
| စက်တင်ဘာလ | ၂.၈၈ | ၂၇.၅၀ | ၃၂.၀၀ | ၂၀.၀၀ | ၈၂.၄၉ |
| အောက်တိုဘာလ | ၂.၉၄ | ၂၆.၀၀ | ၃၀.၀၀ | ၁၄.၀၀ | ၇၉.၃၀ |
| နိုဝင်ဘာလ | ၀.၆၅ | ၂၂.၀၀ | ၃၀.၀၀ | ၁၀.၀၀ | ၇၈.၄၆ |
| ဒီဇင်ဘာလ | ၀.၄၁ | ၁၃.၀၀ | ၂၃.၀၀ | ၃.၀၀ | ၇၅.၂၄ |

ဇစ်မြစ် - လောက်ကိုင်ခရိုင်၊ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန

## လောက်ကိုင်ခရိုင်တွင် စီမံကိန်းကာလအတွင်း ရွာသွန်းခဲ့သည့်မိုးရေချိန်

ဇယား (၂-၁-၄)က

| ခုနှစ် | ၂၀၀၆ | ၂၀၀၇ | ၂၀၀၈ | ၂၀၀၉ | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| တစ်နှစ်လုံး ရွာသွန်းသည့် မိုးရေချိန် | ၅၃.၇၉ | ၆၂.၉၅ | ၆၄.၄၀ | ၅၁.၇၉ | ၆၈.၈၈ | ၆၁.၁၆ | ၄၆.၀၉ | ၅၄.၃၆ | ၄၉.၁၃ | ၅၃.၄၂ | |

ဇစ်မြစ်- လောက်ကိုင်ခရိုင်၊ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန

### လောက်ကိုင်ခရိုင်အတွင်း ပျမ်းမျှမိုးရေချိန်




### လောက်ကိုင်ခရိုင်အတွင်း အမြင့်ဆုံးနှင့် အနိမ့်ဆုံးအပူချိန်




## ၂.၁.၆ အပင်များ

ဒေသအတွင်း တောအမျိုးအစားမှာ တောင်ပေါ်တောဖြစ်၍ စီးပွါးရေးအရ အရေးပါသည့် သစ်မျိုးများ မရှိပါ။ သဘာဝ ပေါက်ပင်များမှာ စစ်၊ နှော၊ ဒီဒူး၊ စကားဝါ၊ ရုံး၊ လောက်ယား၊ သစ်ဆိမ့်၊ ရေမနေ၊ ဝါးဘိုး၊ ဝါးဖြူ စသည်များ အနည်းငယ်သာ ပေါက်ရောက်ပါသည်။

## ၂.၁.၇ သားငှက်တိရစ္ဆာန်များ

ခရိုင်အတွင်း ယခင်ကာလများ၌ တောကြောင်၊ တောဝက်၊ ဂျီနှင့် ယုန်များ တွေ့ရှိရပြီး တောများပြုန်းတီး၍ တောကောင်များ စည်းကမ်းမဲ့ ပစ်ခတ်မှုကြောင့် သားငှက်တိရစ္ဆာန်များ နည်းပါးလာပါသည်။

## ၂.၁.၈ အခြေခံအဆောက်အဦ

### ၂.၁.၈.၁ အဆောက်အအုံ၊ လမ်းနှင့် တံတားများ

ခရိုင်အတွင်းရှိ သစ်တောဦးစီးဌာနပိုင် အဆောက်အဦများ စာရင်းကို အတွဲ(၂)၊ ဇယား ၂.၁.၈.၁ (က) ဖြင့် ဖော်ပြထားပါသည်။

သစ်တောဦးစီးဌာနပိုင် လမ်းနှင့်တံတားများ မရှိပါ။

### ၂.၁.၈.၂ ဆက်သွယ်ရေး

လောက်ကိုင်ခရိုင်အတွင်း လက်ရှိသုံးစွဲနေသော ဆက်သွယ်ရေးစနစ်များကို မြို့နယ်အလိုက် ဇယား (၂-၁-၈-၂) ဖြင့် ဖော်ပြအပ်ပါသည်။

**လောက်ကိုင်ခရိုင်အတွင်းရှိ မြို့နယ်အလိုက် ဆက်သွယ်ရေးစနစ် အသုံးပြုမှုဇယား**

ဇယား(၂-၁-၈-၂)

| စဉ် | မြို့နယ် | အသုံးပြုသည့်ဆက်သွယ်ရေးစနစ်များ | | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | တယ်လီဖုန်း | ကြိုးမဲ့ကြေးနန်း | ဖက်စ် | အခြား | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁။ | လောက်ကိုင် | ၀၈၂-၇၂၀၂၁ | - | - | - | |
| ၂။ | ကုန်းကြမ်း | - | - | - | - | |
| ၃။ | ချင်းရွှေဟော် | - | - | - | - | |
| ၄။ | မော်ထိုက် | - | - | - | - | |

ဇစ်မြစ်-လောက်ကိုင်ခရိုင်၊ သစ်တောဦးစီးဌာန

### ၂.၁.၈.၃ စက်နှင့် စက်ကရိယာပစ္စည်းများ

လောက်ကိုင်ခရိုင်အတွင်း စက်နှင့်စက်ကိရိယာပစ္စည်းများ စာရင်းကိုအတွဲ(၂) ဇယား(၂-၁-၈-၃)တွင် ဖော်ပြပါသည်။

## ၂.၁.၉ သစ်တောအခြေခံလုပ်ငန်း

လောက်ကိုင်ခရိုင်အတွင်း သစ်အခြေခံ စက်မှု လုပ်ငန်းများ မရှိပါ။

## ၂.၂ မြေအသုံးချမှု

### ၂.၂.၁ လက်ရှိ မြေအသုံးချမှု

လောက်ကိုင်ခရိုင်အတွင်းရှိ လက်ရှိမြေအသုံးချမှု အခြေအနေများကို ကြိုးဝိုင်းတော၊ ကြိုးပြင် ကာကွယ်တော၊ သဘာဝထိန်းသိမ်းရေးနယ်မြေ၊ ကြိုးပြင်တောမြေ၊ လယ်မြေ/ယာမြေ၊ အခြားမြေ စသည်တို့အား ဧရိယာဧကဖြင့် ဇယား(၂-၂-၁)တွင် ဖော်ပြထားပါသည်။

### ၂.၂.၁(က) လက်ရှိ မြေယာအသုံးချဇုန်နယ်မြေခွဲစာရင်း

လောက်ကိုင်ခရိုင်အတွင်းလက်ရှိမြေယာအသုံးချဇုန်နယ်မြေခွဲခြားထားမှု စာရင်းချုပ်ကို ဇယား၂-၂-၁(ခ)ဖြင့်လည်းကောင်း၊ မြို့နယ်အလိုက်လက်ရှိမြေယာ အသုံးချဇုန်နယ်မြေခွဲခြားထားမှုစာရင်း ကို အတွဲ(၂) ဇယား ၂-၂-၁ (က) ဖြင့်လည်းကောင်းဖော်ပြအပ်ပါသည်။

## လောက်ကိုင်ခရိုင်အတွင်းလက်ရှိ မြေအသုံးချမှုစာရင်း

ဇယား(၂.၂.၁)

(ဧက)

| အမှတ်စဉ် | မြို့နယ်အမည် | ကြိုးဝိုင်းတော | ကြိုးပြင်ကာကွယ်တော | သစ်တောဖုံးလွှမ်းလျက်ရှိသောအစိုးရမြေ (ကြိုးပြင်တော) | သဘာဝထိန်းသိမ်းရေးနယ်မြေ | လယ်မြေ/ယာမြေ | အခြားမြေ | စုစုပေါင်းဧရိယာ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) |
| ၁ | လောက်ကိုင် | - | - | ၈၉၄၀ | - | ၅၁၃၀၁ | ၁၃၄၇၂၅ | **၁၉၄၉၆၆** | |
| ၂ | ချင်းရွှေဟော်(မြို့နယ်ခွဲ) | - | - | ၂၂၀၀ | - | ၂၅၀၂ | ၃၁၈၈ | **၇၈၉၀** | |
| ၃ | ကုန်းကြမ်း | - | - | ၂၄၄၁ | - | ၁၁၅၇၅ | ၁၂၈၂၈၁ | **၁၄၂၂၉၇** | |
| ၄ | မော်ထိုက်(မြို့နယ်ခွဲ) | - | - | ၁၃၀၁ | - | ၁၄၁၃၄ | ၁၀၇၄၀၆ | **၁၂၂၈၄၀** | |
| | **စုစုပေါင်း** | - | - | **၁၄၈၈၁** | - | **၇၉၅၁၂** | **၃၇၃၆၀၀** | **၄၆၇၉၉၃** | |

ဇစ်မြစ် - လောက်ကိုင်ခရိုင်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန

၄၃

## လောက်ကိုင်ခရိုင်အတွင်း လက်ရှိမြေယာအသုံးချဇုန်နယ်မြေခွဲစာရင်း

ဇယား ၂-၂-၁ (ခ)

(ဇက)

| အမှတ်စဉ် | ခရိုင်အမည် | ထုတ်လုပ်ရေးဇုန် | ရေဝေရေလဲ ထိန်းသိမ်းဇုန် | စိုက်ခင်းများဇုန် | | | လယ်မြေဇုန် | သဘာဝထိန်းသိမ်းရေးနယ်မြေဇုန် | ဒေသထောက်ပံ့ရေးဇုန် | သယံဇာတ တူးဖော်ရေးဇုန် | ဖွံ့ဖြိုးရေးဇုန် | စုစုပေါင်း ဧရိယာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ဌာန | ပုဂ္ဂလိက | စက်မှု | | | | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) |
| ၁။ | လောက်ကိုင် | - | - | - | - | - | - | - | - | - | - | - |
| ၂။ | ကုန်းကြမ်း | - | - | - | - | - | - | - | - | - | - | - |
| ၃။ | ချင်းရွှေဟော် | - | - | - | - | - | - | - | - | - | - | - |
| ၄။ | မော်ထိုက် | - | - | - | - | - | - | - | - | - | - | - |
| ပေါင်း | | | - | - | - | - | - | - | - | - | - | - |

ဖစ်မြစ် - လောက်ကိုင်ခရိုင်၊ သစ်တောဦးစီးဌာန

## ၂.၂.၂ သစ်တောဖုံးလွှမ်းမှု အခြေအနေ

လောက်ကိုင်ခရိုင်အတွင်း သစ်တောဖုံးလွှမ်းမှုနှင့် မြေအသုံးချမှုဆိုင်ရာ အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**သစ်တောဖုံးလွှမ်းမှုဧရိယာ**

| စဉ် | သစ်တောဖုံးလွှမ်းမှု | ဧရိယာ(ဧက) | ရာခိုင်နှုန်း(%) |
|---|---|---|---|
| ၁ | ရွက်အုပ်ပိတ်တော | ၅၄၉၃၁ | ၁၁.၇၄ |
| ၂ | ရွက်အုပ်ပွင့်သစ်တော | ၁၁၈၂၅၅ | ၂၅.၂၇ |
| ၃ | တောနိမ့် | ၄၀၆၄၉ | ၈.၆၉ |
| ၄ | စိုက်ပျိုးမြေ/အခြားမြေ | ၂၅၂၆၃၂ | ၅၃.၉၈ |
| ၅ | ရေလွှမ်းမိုးဧရိယာ | ၁၅၂၆ | ၀.၃၃ |
| | **စုစုပေါင်း** | **၄၆၇၉၉၃** | **၁၀၀.၀၀** |

ဇစ်မြစ် - GIS Section , စီမံကိန်းနှင့်စာရင်းအင်းဌာန

**သစ်တောဖုံးလွှမ်းမှု**



### ၂.၂.၃ မြေအသုံးချမှုဆိုင်ရာ ပြောင်းလဲမှုများ

လောက်ကိုင်ခရိုင်အတွင်း လွန်ခဲ့သော(၁၀)နှစ်တာ ကာလအတွင်း သစ်တောနှင့် ပတ်သက်သည့် မြေအသုံးချမှုဆိုင်ရာ ပြောင်းလဲမှု မှတ်တမ်းစာရင်းများ မရှိသဖြင့် ဖော်ပြနိုင်ခြင်း မရှိပါ။

### ၂.၂.၄ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်းရှိ ကျူးကျော်မှုများစာရင်းချုပ်

ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ မရှိပါ။

### ၂.၂.၅ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများတွင် ရွှေ/သတ္တုတူးဖော်ခွင့်ပြုသော ဧရိယာများ စာရင်း

မရှိပါ။

## ၂.၃ သစ်တောသယံဇာတအရင်းအမြစ်

### ၂.၃.၁ သစ်တောအမျိုးအစားနှင့် ဧရိယာအကျယ်အဝန်း

#### ၂.၃.၁.၁ သဘာဝတောများ

လောက်ကိုင်ခရိုင်တွင် ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများ ဖွဲ့စည်းထားခြင်း မရှိပါ။ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောဖွဲ့စည်းရန် အဆိုပြုတင်ပြထားသည့် ဧရိယာများလည်း မရှိပါ။ လာမည့်စီမံကိန်းကာလအတွင်း နယ်မြေလုံခြုံရေးအခြေ အနေ တိုးတက်ကောင်းမွန်လာပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာန၏ မူဝါဒနှင့်အညီ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော ဖွဲ့စည်း တည်ထောင်ရန် လိုအပ်သော ဧရိယာများကို ကွင်းဆင်းစစ်ဆေးရွေးချယ်၍ ဆက် လက်တင်ပြဆောင်ရွက်သွားပါမည်။ လောက်ကိုင်ခရိုင်အတွင်းရှိ ကြိုးပြင်တော ဧရိယာများ၏ တောအမျိုးအစားနှင့် ဧရိယာအကျယ်အဝန်းကို ကွင်းဆင်းစစ်ဆေး နိုင်မှုမရှိသဖြင့် ဖော်ပြနိုင်မှုမရှိပါ။

#### ၂.၃.၁.၂ သစ်တောစိုက်ခင်းများ

လောက်ကိုင်ခရိုင်အတွင်းရှိ မြို့နယ်များအလိုက် တည်ထောင်ထားသော ဌာန စိုက်ခင်းစာရင်းကိုသစ်မျိုး၊ စိုက်ခင်းအမျိုးအစား၊ တည်ထောင်သည့်ခုနှစ်၊ စိုက်ခင်း တစ်ခုစီ၏ဧရိယာများဖြင့် အတွဲ(၂)ဇယား ၂-၃-၁-၂(က)တွင် လည်းကောင်း၊

ခရိုင်အတွင်း တည်ထောင်ထားသော ဌာနစိုက်ခင်းစာရင်းချုပ်ကို စိုက်ခင်းအမျိုးအစားအလိုက်ဇယား ၂-၃-၁-၂(ခ)တွင်လည်းကောင်း၊ မြို့နယ်အလိုက် တည်ထောင်ထားသော ပုဂ္ဂလိက(ကျွန်းနှင့်သစ်မာမျိုးစုံ)စိုက်ခင်းစာရင်းကို အတွဲ(၂)ဇယား ၂-၃-၁-၂ (ဂ)တွင်လည်းကောင်း၊ ခရိုင်အတွင်း တည်ထောင်ထားသော ပုဂ္ဂလိက(ကျွန်းနှင့် သစ်မာမျိုးစုံ) စိုက်ခင်းစာရင်းချုပ်ကိုဇယား ၂-၃-၁-၂ (ဃ)တွင်လည်းကောင်း မြို့နယ်အလိုက် တည်ထောင်ထားသော ပုဂ္ဂလိက(ရော်ဘာ၊ဆီအုန်း၊ ကြံနှင့်အခြား) စိုက်ခင်းစာရင်းကိုအတွဲ(၂)ဇယား ၂-၃-၁-၂(င)တွင် လည်းကောင်း၊ ခရိုင်အတွင်း တည်ထောင်ထားသော ပုဂ္ဂလိက(ရော်ဘာဆီအုန်း၊ ကြံနှင့်အခြား)စိုက်ခင်း စာရင်းချုပ်ကို ဇယား၂-၃-၁-၂(စ) တွင်လည်းကောင်း၊ တည်ထောင်ထားသော အခြားစိုက်ခင်းစာရင်းကို အတွဲ(၂) ဇယား ၂-၃-၁-၂(ဆ) တွင်လည်းကောင်း၊ ခရိုင်အတွင်း တည်ထောင်ထားသောအခြားစိုက်ခင်းများစာရင်းချုပ်ကို ဇယား၂-၃-၁-၂(ဆ)ချုပ်တွင် လည်းကောင်း ဖော်ပြထားပါသည်။

## တည်ထောင်ပြီး စိုက်ခင်းများစာရင်း

ဇယား ၂-၃-၁-၂ (ခ)

| စဉ် | စိုက်ခင်းအမျိုးအစား | သစ်မျိုး | ဧရိယာ(ဧက) | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁ | စီးပွားရေးစိုက်ခင်း | ထင်းရှူး | ၁၀၀ | ပျက်စီး |
| | | **ပေါင်း** | **၁၀၀** | |
| ၂ | ကျေးရွာထင်းစိုက်ခင်း | မယ်ဇလီ၊ယူကလစ် | ၃၆၀ | ပျက်စီး |
| | | **ပေါင်း** | **၃၆၀** | |
| ၃ | ရေဝေရေလဲစိုက်ခင်း | မယ်ဇလီ | ၅၀ | ပျက်စီး |
| | | **ပေါင်း** | **၅၀** | |
| | | **စုစုပေါင်း** | **၅၁၀** | |

ဖစ်မြစ် - လောက်ကိုင်ခရိုင်၊ သစ်တောဦးစီးဌာန

## လောက်ကိုင်ခရိုင်အတွင်းရှိ တည်ထောင်ထားသည့် ပုဂ္ဂလိကစိုက်ခင်းစာရင်းချုပ်

**ကျွန်းနှင့် သစ်မာမျိုးစုံ**

ဧယား (၂-၃-၁-၂)ဃ

(ဧက)

| စဉ် | မြို့နယ် | တည်ထောင်သည့် ခုနှစ် | | | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၀၀၆-၂၀၀၇ | | ၂၀၀၇-၂၀၀၈ | | ၂၀၀၈-၂၀၀၉ | | ၂၀၀၉-၂၀၁၀ | | ၂၀၁၀-၂၀၁၁ | | ၂၀၁၁-၂၀၁၂ | | ၂၀၁၂-၂၀၁၃ | | ၂၀၁၃-၂၀၁၄ | | ၂၀၁၄-၂၀၁၅ | | ၂၀၁၅-၁၆ | | စုစုပေါင်း | |
| | | ကျွန်း | သစ်မာ | ကျွန်း | သစ်မာ | ကျွန်း | သစ်မာ | ကျွန်း | သစ်မာ | ကျွန်း | သစ်မာ | ကျွန်း | သစ်မာ | ကျွန်း | သစ်မာ | ကျွန်း | သစ်မာ | ကျွန်း | သစ်မာ | ကျွန်း | သစ်မာ | ကျွန်း | သစ်မာ |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) | (၁၆) | (၁၇) | (၁၈) | (၁၉) | (၂၀) | (၂၀) | (၂၁) | (၂၀) | (၂၁) |
| ၁ | လောက်ကိုင် | - | - | - | - | - | - | - | - | - | - | - | ၁၂ | - | ၅၅၀ | - | ၂၁၅ | - | - | - | - | - | ၇၇၇ |
| | ပေါင်း | - | - | - | - | - | - | - | - | - | - | - | ၁၂ | - | ၅၅၀ | - | ၂၁၅ | - | - | - | - | - | ၇၇၇ |
| ခရိုင်ပေါင်း | | - | - | - | - | - | - | - | - | - | - | - | ၁၂ | - | ၅၅၀ | - | ၂၁၅ | - | - | - | - | - | ၇၇၇ |

ဇစ်မြစ် - လောက်ကိုင်ခရိုင်၊ သစ်တောဦးစီးဌာန



**ရှင်းလင်းချက်။** လောက်ကိုင်ခရိုင်တွင် တည်ထောင်စိုက်ပျိုးထားသော ပုဂ္ဂလိက(သစ်မာ) စိုက်ခင်း(၇၇၇)ဧကမှာ သစ်တောမြေပြင်ပ တွင်စိုက်ပျိုးထားပြီး လားရှိုးခရိုင်သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းဖြစ်ပါသည်။

## လောက်ကိုင်ခရိုင်အတွင်းရှိ တည်ထောင်ထားသည့် ပုဂ္ဂလိကစိုက်ခင်းစာရင်းချုပ်

**ရာဘာ၊ ဆီအုန်း၊ ကြံနှင့် အခြား** ဇယား (၂-၃-၁-၂)စ

| စဉ် | တည်ထောင်သည့်ခုနှစ် | မြို့နယ် | သစ်မျိုး | ဧရိယာ(ဧက) | မှတ်ချက် |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| ၁ | ၂၀၀၆-၂၀၀၇ | - | - | - | |
| ၂ | ၂၀၀၇-၂၀၀၈ | - | - | - | |
| ၃ | ၂၀၀၈-၂၀၀၉ | - | - | - | |
| ၄ | ၂၀၀၉-၂၀၁၀ | - | - | - | |
| ၅ | ၂၀၁၀-၂၀၁၁ | - | - | - | |
| ၆ | ၂၀၁၁-၂၀၁၂ | - | - | - | |
| ၇ | ၂၀၁၂-၂၀၁၃ | - | - | - | |
| ၈ | ၂၀၁၃-၂၀၁၄ | - | - | - | |
| ၉ | ၂၀၁၄-၂၀၁၅ | - | - | - | |
| ၁၀ | ၂၀၁၅-၂၀၁၆ | - | - | - | |
| | | | **စုစုပေါင်း** | - | |

ဇစ်မြစ် - လောက်ကိုင်ခရိုင်၊ သစ်တောဦးစီးဌာန။

၂၀

# လောက်ကိုင်ခရိုင်အတွင်းရှိ တည်ထောင်ထားသည့် အခြားစိုက်ခင်းများစာရင်းချုပ်

ဇယား (၂-၃-၁-၂ )ဆ(ချုပ်)

| စဉ် | ခုနှစ် | မြို့နယ် | တည်နေရာ | သစ်မျိုး | ပန္နက်<br>အကွာအဝေး | ပင်ရေ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| | ----- အခြားစိုက်ခင်းများတည်ထောင်ထားခြင်းမရှိပါ။ ------ | | | | | | |
| | စုစုပေါင်း | | | | | | |

ဇစ်မြစ် - လောက်ကိုင်ခရိုင်၊ သစ်တောဦးစီးဌာန။

၂၁

## ၂.၃.၁.၃ အခြားသစ်တောများ

မြို့နယ်အလိုက် တည်ထောင်ထားသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများစာရင်းကိုအတွဲ(၂)ဇယား(၂.၃.၁.၃)နှင့်ခရိုင်အတွင်း တည်ထောင်ထားသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများစာရင်းချုပ်ကို ဇယား၂-၃-၁-၃(ချုပ်)ဖြင့် လည်းကောင်း၊ မြို့နယ်အလိုက် တည်ထောင်ထားသည့် ကျေးလက်အိမ်ရာ ထူထောင်ရေး ကျေးရွာပိုင်စိုက်ခင်းများစာရင်းကို အတွဲ(၂)ဇယား၂-၃-၁-၃(က)ဖြင့်လည်းကောင်း၊ ခရိုင်အတွင်း တည်ထောင်ထားသည့် ကျေးလက်အိမ်ရာထူထောင်ရေး ကျေးရွာပိုင်စိုက်ခင်းများစာရင်းချုပ်ကို ဇယား၂-၃-၁-၃(က)ချုပ် ဖြင့်လည်းကောင်း၊ ဆက်သွယ်ရေးလမ်းမကြီး ဘေးဝဲ/ယာစိုက်ခင်း စာရင်းကို အတွဲ(၂) ဇယား ၂-၃-၁-၃(ခ)တွင်လည်းကောင်း၊ခရိုင်အတွင်းတည်ထောင်ထားသောဆက်သွယ်ရေးလမ်းမကြီးဘေးဝဲ/ယာစိုက်ခင်းစာရင်းများစာရင်းချုပ်ကို ဇယား၂-၃-၁-၃(ခ)(ချုပ်)တွင်လည်းကောင်းဖော်ပြအပ်ပါသည်။

## လောက်ကိုင်ခရိုင်အတွင်းရှိ တည်ထောင်ထားသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောစာရင်းချုပ်

ဇယား(၂-၃-၁-၃)(ချုပ်)

| စဉ် | တည်ထောင်<br>သည့်ခုနှစ် | မြို့နယ် | သစ်မျိုး | ဧရိယာ<br>(ဧက) | မှတ်ချက် |
|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) |
| | | | မရှိပါ | | |
| | | **စုစုပေါင်း** | | | |

ဇစ်မြစ် - လောက်ကိုင်ခရိုင်၊ သစ်တောဦးစီးဌာန။

# လောက်ကိုင်ခရိုင်အတွင်းရှိ ကျေးလက်အိမ်ရာထူထောင်ရေး ကျေးရွာပိုင်သစ်တောစိုက်ခင်းများ တည်ထောင်ပြီးစာရင်းချုပ်

ဇယား (၂-၃-၁-၃)က(ချုပ်)

| စဉ် | တည်ထောင်သည့်နှစ် | တစ်ရွာ (၁) ဧက စိုက်ခင်း | | | တစ်အိမ်ထောင် ယူကလစ်(၂၀)ပင် | | | တစ်အိမ်ထောင် ကျွန်း(၃)ပင် | | | လူ(၁) ဦး ကျွန်း(၁)ပင် | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကျေးရွာပေါင်း | သစ်မျိုး | ဧက | ကျေးရွာပေါင်း | အိမ်ထောင်စုပေါင်း | ပင်ရေ | ကျေးရွာပေါင်း | အိမ်ထောင်စုပေါင်း | ပင်ရေ | လူဦးရေ | ပင်ရေ | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) |
| ၁ | ၂၀၀၈-၀၉ | - | - | - | ၂ | ၅၀ | ၁၀၀၀ | - | - | - | - | - | |
| ၂ | ၂၀၀၉-၁၀ | ၁ | ယူကလစ် | ၁ | ၁ | ၄၀ | ၈၀၀ | ၄ | ၁၈၀၀ | ၅၄၀၀ | - | - | |
| ၃ | ၂၀၁၀-၁၁ | - | - | - | ၁၇ | ၁၀၀၀ | ၂၀၀၀၀ | ၂၂ | ၄၂၀၀ | ၁၂၆၀၀ | ၃ | ၂၀၀၀ | |
| ၄ | ၂၀၁၁-၁၂ | - | - | - | ၃ | ၁၅၀ | ၃၀၀၀ | ၃ | ၁၀၀၀ | ၃၀၀၀ | - | - | |
| ၅ | ၂၀၁၂-၁၃ | - | - | - | ၄ | ၂၁၅ | ၄၃၀၀ | ၅ | ၁၀၀၀ | ၃၀၀၀ | - | - | |
| ၆ | ၂၀၁၃-၁၄ | - | - | - | ၂ | ၅၀ | ၁၀၀၀ | - | - | - | - | - | |
| ၇ | ၂၀၁၄-၁၅ | - | - | - | ၁ | ၅ | ၃၀၀ | - | - | - | - | - | |
| ၈ | ၂၀၁၅-၁၆ | - | - | - | ၁ | ၅ | ၃၀၀ | - | - | - | - | - | |
| | **စုစုပေါင်း** | **၁** | | **၁** | **၃၁** | **၁၅၁၅** | **၃၀၇၀၀** | **၃၄** | **၈၀၀၀** | **၂၄၀၀၀** | **၃** | **၂၀၀၀** | |

ဇစ်မြစ် - လောက်ကိုင်ခရိုင်၊ သစ်တောဦးစီးဌာန

၂၄

**လောက်ကိုင်ခရိုင်အတွင်းရှိ ဆက်သွယ်ရေးလမ်းမကြီးဘေး ဝဲ/ယာ စိုက်ခင်းများ စာရင်းချုပ်**

ဇယား(၂-၃-၁-၃)ခ(ချုပ်)

| စဉ် | ခုနှစ် | သစ်မျိုး | ပင်ရေ | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | ၂၀၀၈ - ၂၀၀၉ | - | - | |
| ၂။ | ၂၀၀၉ - ၂၀၁၀ | - | - | |
| ၃။ | ၂၀၁၀ - ၂၀၁၁ | - | - | |
| ၄။ | ၂၀၁၁ - ၂၀၁၂ | ကျွန်း | ၅၀၀၀ | |
| ၅။ | ၂၀၁၂ - ၂၀၁၃ | ။ | ၄၀၀၀ | |
| ၆။ | ၂၀၁၃ - ၂၀၁၄ | ။ | ၃၀၀ | |
| ၇။ | ၂၀၁၄ - ၂၀၁၅ | - | - | |
| ၈။ | ၂၀၁၅ - ၂၀၁၆ | - | - | |
| | **စုစုပေါင်း** | | **၉၃၀၀** | |

ဇစ်မြစ် - လောက်ကိုင်ခရိုင်၊ သစ်တောဦးစီးဌာန။

## ၂.၃.၂ သစ်ပင်ပေါက်ရောက်မှု အခြေအနေ

### ၂.၃.၂.၁ ကြိုးဝိုင်းတောများ

#### ၂.၃.၂.၁.၁ ထုတ်လုပ်ရေးသစ်တောများ

##### ၂.၃.၂.၁.၁.၁ သဘာဝတောများ

ကြိုးဝိုင်းတောများဖွဲ့စည်းထားခြင်းမရှိပါ။

**၂.၃.၂.၁.၁.၁.၁ ကြီးထွားနှုန်း**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၁.၁.၁.၂ သေကြေပျက်စီးနှုန်း**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၁.၁.၁.၃ မျိုးဆက်မှု**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၁.၁.၁.၄ ပင်ထောင်ဇယား**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၁.၁.၁.၅ ထုထည်ဇယား**

ဖော်ပြရန်မရှိပါ။

##### ၂.၃.၂.၁.၁.၂ သစ်တောစိုက်ခင်းများ

မရှိပါ။

**၂.၃.၂.၁.၁.၂.၁ ကြီးထွားနှုန်း**

ဖော်ပြနိုင်ခြင်း မရှိပါ။

**၂.၃.၂.၁.၁.၂.၂ သေကြေပျက်စီးနှုန်း**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၁.၁.၂.၃ မျိုးဆက်မှု**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၁.၁.၂.၄ ပင်ထောင်ဇယား**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၁.၁.၂.၅ ထုထည်ဇယား**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၁.၂ ရေဝေရေလဲသစ်တောများ**

မရှိပါ။

**၂.၃.၂.၁.၃ ဒေသထောက်ပံ့ရေး သစ်တောများ**

မရှိပါ။

**၂.၃.၂.၁.၄ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ**

ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ မရှိပါ။

**၂.၃.၂.၁.၅ အခြားသစ်တောများ**

မရှိပါ။

**၂.၃.၂.၂ ကြိုးပြင်ကာကွယ်တောများ( အဆိုပြုကြိုးပြင်ကာကွယ်တောများ အပါအဝင်)**

ကြိုးပြင်ကာကွယ်တောများဖွဲ့စည်းထားခြင်း မရှိပါ။

**၂.၃.၂.၂.၁ ထုတ်လုပ်ရေးသစ်တောများ**

မရှိပါ။

**၂.၃.၂.၂.၁.၁ သဘာဝတောများ**

**၂.၃.၂.၂.၁.၁.၁ ကြီးထွားနှုန်း**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၂.၁.၁.၂ သေကြေပျက်စီးနှုန်း**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၂.၁.၁.၃ မျိုးဆက်မှု**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၂.၁.၁.၄ ပင်ထောင်ဇယား**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၂.၁.၁.၅ ထုထည်ဇယား**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၂.၁.၂ သစ်တောစိုက်ခင်းများ**

မရှိပါ။

**၂.၃.၂.၂,၁.၂.၁ ကြီးထွားနှုန်း**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၂.၁.၂.၂ သေကြေပျက်စီးနှုန်း**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၂.၁.၂.၃ စိုက်ခင်းဇယား**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၂.၂ ရေဝေရေလဲ သစ်တောများ**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၂.၃ ဒေသထောက်ပံ့ရေးသစ်တော**

ဖော်ပြရန်မရှိပါ။

**၂.၃.၂.၂.၄ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ**

ဖော်ပြရန်မရှိပါ။

### ၂.၃.၂.၂.၅ အခြားသစ်တောများ

ဖော်ပြရန်မရှိပါ။

## ၂.၃.၂.၃ ကြိုးပြင်တောများ (သစ်တောဖုံးလွှမ်းလျက်ရှိသောအစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ)

### ၂.၃.၂.၃.၁ ထုတ်လုပ်ရေးသစ်တောများ

#### ၂.၃.၂.၃.၁.၁ သဘာဝတောများ

ရေဝေ/ရေထွက် ဒေသများတွင် ဒေသခံလူထု၏ ကာကွယ်ထားရှိမှု အရ တန်ဘိုး မရှိ သစ်မျိုးများဖြစ်သည့် သဖန်း၊ ဒီဒူး၊ ညောင် စသည့် အပင်ကြီးများ လောက်ယား၊ သစ်အယ်၊ ရုံး စသည့်အပင်များ ပေါက်ရောက်ပါသည်။ သစ်ထုတ်လုပ်မှု မရှိပါ။

##### ၂.၃.၂.၃.၁.၁.၁ ကြီးထွားနှုန်း

ကြီးထွားနှုန်းဖော်ပြနိုင်ခြင်း မရှိပါ။

##### ၂.၃.၂.၃.၁.၁.၂ သေကြေပျက်စီးနှုန်း

သေကြေပျက်စီးနှုန်း ဖော်ပြနိုင်ခြင်းမရှိပါ။

##### ၂.၃.၂.၃.၁.၁.၃ မျိုးဆက်မှု

မျိုးဆက်မှု ဖော်ပြနိုင်ခြင်းမရှိပါ။

##### ၂.၃.၂.၃.၁.၁.၄ ပင်ထောင်ဇယား

လောက်ကိုင်ခရိုင်တွင် လက်ရှိလုံခြုံရေး အခြေအနေအရ ကွင်းဆင်းစာရင်းကောက်ယူနိုင်ခြင်းမရှိသဖြင့် ၂၀၁၀-၂၀၁၁ ခုနှစ် one shot inventory အရ ကောက်ယူရရှိသော ကိန်းဂဏန်းများကို အခြေခံ၍ တွက်ချက်ဖော်ပြထားပါသည်။

**ပင်ထောင်ဇယား** ဇယား(၂-၃-၂-၃-၁-၁-၄)

ခရိုင်အမည် - လောက်ကိုင်ခရိုင် ဧရိယာ-(၂၄၄၁) ဧက

ကြိုးပြင်တောအမည် -ကုန်းကြမ်းကြိုးပြင်တော (ပင်ရေ)

| သစ်မျိုး/ အုပ်စု | ၂'-၀"မှ ၃'-၁၁" | ၄'-၀"မှ ၄'-၁၁" | ၅'-၀"မှ ၅'-၅" | ၅'-၆" မှ ၅'-၁၁" | ၆'-၀" မှ ၆'-၅" | ၆'-၆" မှ ၆'-၁၁" | ၇'-၀" မှ ၇'-၅" | ၇'-၆" မှ ၇-၁၁" | ၈'-၀" နှင့်အထက် | ပေါင်း | ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) |
| ကျွန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| အုပ်စု(၁) | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| အုပ်စု(၂) | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| အုပ်စု(၃) | ၆၆၅၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၆၆၅၄ | ၇.၁၄ |
| အုပ်စု(၄) | ၆၆၅၄ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၆၆၅၄ | ၇.၁၄ |
| အုပ်စု(၅) | ၇၉၈၅၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၇၉၈၅၁ | ၈၅.၇၁ |
| **စုစုပေါင်း** | **၉၃၁၅၉** | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | **၉၃၁၅၉** | ၁၀၀ |

ဇစ်မြစ် - ၂၀၁၀-၂၀၁၁ ခုနှစ် One Shot Inventory

**ပင်ထောင်ဇယား** ဇယား(၂-၃-၂-၃-၁-၁-၄)

ခရိုင်အမည် - လောက်ကိုင်ခရိုင် ဧရိယာ- (၈၉၄၀)ဧက

ကြိုးပြင်တောအမည် - လောက်ကိုင်ကြိုးပြင်တော (ပင်ရေ)

| သစ်မျိုး/ အုပ်စု | ၂'-၀"မှ ၃'-၁၁" | ၄'-၀"မှ ၄'-၁၁" | ၅'-၀"မှ ၅'-၅" | ၅'-၆" မှ ၅'-၁၁" | ၆'-၀" မှ ၆'-၅" | ၆'-၆" မှ ၆'-၁၁" | ၇'-၀" မှ ၇'-၅" | ၇'-၆" မှ ၇-၁၁" | ၈'-၀" နှင့်အထက် | ပေါင်း | ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) |
| ကျွန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| အုပ်စု(၁) | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| အုပ်စု(၂) | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| အုပ်စု(၃) | ၈၁၂၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၈၁၂၂ | ၇.၁၄ |
| အုပ်စု(၄) | ၈၁၂၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၈၁၂၂ | ၇.၁၄ |
| အုပ်စု(၅) | ၉၇၄၇၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၉၇၄၇၁ | ၈၅.၇၁ |
| **စုစုပေါင်း** | **၁၁၃၇၁၅** | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | **၁၁၃၇၁၅** | ၁၀၀ |

ဇစ်မြစ် - ၂၀၁၀-၂၀၁၁ ခုနှစ် One Shot Inventory

### ၂.၃.၂.၃.၁.၁.၅ ထုထည်ဇယား

လောက်ကိုင်ခရိုင်တွင် လက်ရှိလုံခြုံရေး အခြေအနေအရ ကွင်းဆင်း စာရင်းကောက်ယူနိုင်ခြင်းမရှိသဖြင့် ၂၀၁၀-၂၀၁၁ ခုနှစ် one shot inventory အရ ကောက်ယူရရှိသော ကိန်းဂဏန်းများကို အခြေခံ၍ တွက်ချက်ဖော်ပြထားပါသည်။

## ထုထည်ဇယား

ဇယား(၂-၃-၂-၃-၁-၁-၅)

ခရိုင်အမည် - လောက်ကိုင်ခရိုင် ဧရိယာ- (၂၄၄၁)ဧက

ကြိုးပြင်တောအမည် - ကုန်းကြမ်းကြိုးပြင်တော (ကုဗတန်)

| သစ်မျိုး/ အုပ်စု | ၂'-၀"မှ ၃'-၁၁" | ၄'-၀"မှ ၄'-၁၁" | ၅'-၀"မှ ၅'-၅" | ၅'-၆" မှ ၅'-၁၁" | ၆'-၀" မှ ၆'-၅" | ၆'-၆" မှ ၆'-၁၁" | ၇'-၀" မှ ၇'-၅" | ၇'-၆" မှ ၇-၁၁" | ၈'-၀" နှင့်အထက် | ပေါင်း | ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) |
| ကျွန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| အုပ်စု(၁) | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| အုပ်စု(၂) | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| အုပ်စု(၃) | ၁၁၁၆ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁၁၁၆ | ၈.၄၃ |
| အုပ်စု(၄) | ၅၆၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၅၆၈ | ၄.၂၉ |
| အုပ်စု(၅) | ၁၁၅၅၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁၁၅၅၂ | ၈၇.၂၈ |
| **စုစုပေါင်း** | **၁၃၂၃၆** | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | **၁၃၂၃၆** | **၁၀၀** |

ဇစ်မြစ် - ၂၀၁၀-၂၀၁၁ ခုနှစ် One Shot Inventory

## ထုထည်ဇယား

ဇယား(၂-၃-၂-၃-၁-၁-၅)

ခရိုင်အမည် - လောက်ကိုင်ခရိုင် ဧရိယာ-(၈၉၄၀)ဧက

ကြိုးပြင်တောအမည် - လောက်ကိုင်ကြိုးပြင်တော (ကုဗတန်)

| သစ်မျိုး/ အုပ်စု | ၂'-၀"မှ ၃'-၁၁" | ၄'-၀"မှ ၄'-၁၁" | ၅'-၀"မှ ၅'-၅" | ၅'-၆" မှ ၅'-၁၁" | ၆'-၀" မှ ၆'-၅" | ၆'-၆" မှ ၆'-၁၁" | ၇'-၀" မှ ၇'-၅" | ၇'-၆" မှ ၇-၁၁" | ၈'-၀" နှင့်အထက် | ပေါင်း | ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) |
| ကျွန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| အုပ်စု(၁) | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| အုပ်စု(၂) | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| အုပ်စု(၃) | ၁၃၆၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁၃၆၂ | ၈.၄၃ |
| အုပ်စု(၄) | ၆၉၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၆၉၃ | ၄.၂၉ |
| အုပ်စု(၅) | ၁၄၁၀၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁၄၁၀၂ | ၈၇.၂၈ |
| **စုစုပေါင်း** | **၁၆၁၅၇** | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | **၁၆၁၅၇** | **၁၀၀** |

ဇစ်မြစ် - ၂၀၁၀-၂၀၁၁ ခုနှစ် One Shot Inventory

## ၂.၃.၂.၃.၁.၂ သစ်တောစိုက်ခင်းများ

လောက်ကိုင်ခရိုင်အတွင်းရှိ ကြိုးပြင်တောများတွင်စီးပွားရေး(ထင်းရှူး) စိုက်ခင်း (၁၀၀)ဧက၊ ကျေးရွာထင်းစိုက်ခင်း (၃၆၀)ဧက၊ ရေဝေရေလဲ စိုက်ခင်း (၅၀)ဧက၊ စုစုပေါင်း(၅၁၀)ဧက တည်ထောင်ထားရှိပါသည်။ ပုဂ္ဂလိက စိုက်ခင်းများအနေဖြင့် ပုဂ္ဂလိက(သစ်မာ) စိုက်ခင်း(၇၇၇)ဧက တည်ထောင်ထားပါသည်။

### ၂.၃.၂.၃.၁.၂.၁ ကြီးထွားနှုန်း

စိုက်ခင်းများအား ကွင်းဆင်းစစ်ဆေးနိုင်မှုမရှိသဖြင့် ကြီးထွားနှုန်းဖော်ပြနိုင်ခြင်း မရှိပါ။

### ၂.၃.၂.၃.၁.၂.၂ သေကြေပျက်စီးနှုန်း

စိုက်ခင်းများအား ကွင်းဆင်းစစ်ဆေးနိုင်မှုမရှိသဖြင့် နှုန်းဖော်ပြနိုင်ခြင်း မရှိပါ။ ယခင်သစ်တောအုပ်ချုပ် လုပ်ကိုင်မှုစီမံကိန်းတွင် ဖော်ပြထား ချက်အရ စိုက်ခင်းများအားလုံး ပျက်စီးသွားပြီးဖြစ်ကြောင်း သိရှိရပါသည်။ ဒေသလုံခြုံရေးအခြေအနေ ကောင်းမွန်လာပါက ကွင်းဆင်း စစ်ဆေး၍ လိုအပ်သလိုဆက်လက်တင်ပြဆောင်ရွက်သွားပါမည်။

### ၂.၃.၂.၃.၁.၂.၃ စိုက်ခင်းဇယား

လောက်ကိုင်ခရိုင်အတွင်း ကြိုးပြင်တောများတွင် တည်ထောင်ပြီး ဌာန စိုက်ခင်းများအား ဇယား(၂-၃-၂-၃-၁-၂-၃)ဖြင့်လည်းကောင်း၊ ပုဂ္ဂလိက စိုက်ခင်းများအား ဇယား(၂-၃-၂-၃-၁-၂-၃)ကဖြင့်လည်းကောင်း ဖော်ပြအပ်ပါသည်။

# ကြိုးပြင်တောအတွင်းရှိ စီးပွါးရေးစိုက်ခင်းဇယား

ဇယား(၂.၃.၂.၃.၁.၂.၃)

| စဉ် | စိုက်ခင်း အမျိုးအစား | သစ်မျိုး | တည်ထောင်သည့်ခုနှစ် | ဧရိယာ (ဧက) | စုစုပေါင်း အပင်အရေအတွက် | ပျမ်းမျှ လုံးပတ် (လက္မ) | ပျမ်းမျှ အမြင့် (ပေ) | အမြင့်ဆုံးအပင်များ၏ ပျမ်းမျှအမြင့် (ပေ) | ဒေသအညွှန်း/ ဒေသအတန်းအစား | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) |
| | **စီးပွားရေးစိုက်ခင်း** | | | | | | | | | |
| ၁။ | စီးပွားရေး | ထင်းရှူး | ၁၉၉၂-၉၃ | ၆၅ | | | | | | |
| ၂။ | စီးပွားရေး | ထင်းရှူး | ၁၉၉၂-၉၃ | ၂၃ | | | | | | |
| ၃။ | စီးပွားရေး | ထင်းရှူး | ၁၉၉၂-၉၃ | ၁၂ | | | | | | |
| | **စီးပွားရေးစိုက်ခင်းပေါင်း** | | | **၁၀၀** | | | | | | |
| | **ရေဝေရေလဲစိုက်ခင်း** | | | | | | | | | |
| ၄။ | ရေဝေရေလဲ | မယ်ဇလီ | ၁၉၉၁-၉၂ | ၅၀ | | | | | | |
| | **ရေဝေရေလဲစိုက်ခင်းပေါင်း** | | | **၅၀** | | | | | | |
| | **ကျေးရွာထင်းစိုက်ခင်း** | | | | | | | | | |
| ၅။ | ကျေးရွာထင်း | မယ်ဇလီ၊ ယူကလစ် | ၁၉၉၀-၉၁ | ၅၀ | | | | | | |
| ၆။ | ကျေးရွာထင်း | မယ်ဇလီ၊ ယူကလစ် | ၁၉၉၁-၉၂ | ၇၄ | | | | | | |
| ၇။ | ကျေးရွာထင်း | မယ်ဇလီ၊ ယူကလစ် | ၁၉၉၁-၉၂ | ၂၆ | | | | | | |
| ၈။ | ကျေးရွာထင်း | ယူကလစ် | ၁၉၉၂-၉၃ | ၇၄ | | | | | | |
| ၉။ | ကျေးရွာထင်း | ယူကလစ် | ၁၉၉၂-၉၃ | ၂၆ | | | | | | |
| ၁၀။ | ကျေးရွာထင်း | မယ်ဇလီ | ၁၉၉၉-၀၀ | ၃၅ | | | | | | |
| ၁၁။ | ကျေးရွာထင်း | မယ်ဇလီ | ၁၉၉၉-၀၀ | ၇၅ | | | | | | |
| | **ကျေးရွာထင်းစိုက်ခင်း** | | | **၃၆၀** | | | | | | |
| | **စိုက်ခင်းစုစုပေါင်း** | | | **၅၁၀** | | | | | | |

ဇစ်မြစ်-လောက်ကိုင်ခရိုင်၊ သစ်တောဦးစီးဌာန

## ကြိုးပြင်တောအတွင်းရှိ ပုဂ္ဂလိကစိုက်ခင်းဇယား

ဇယား(၂.၃.၂.၃.၁.၂.၃)က

| စဉ် | စိုက်ခင်း အမျိုး အစား | သစ်မျိုး | တည်ထောင် သည့်ခုနှစ် | ဧရိယာ (ဧက) | စုစုပေါင်း အပင် အရေအတွက် | ပျမ်းမျှ | | အမြင့်ဆုံး အပင်များ၏ ပျမ်းမျှ အမြင့် (ပေ) | ဒေသ အညွှန်း/ ဒေသ အတန်း အစား | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | လုံးပတ် (လက်မ) | အမြင့် (ပေ) | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) |
| | ပုဂ္ဂလိကစိုက်ခင်း | | | | | | | | | |
| ၁။ | သစ်မာ | ယူကလစ် | ၂၀၁၁-၁၂ | ၁၂ | | | | | | |
| ၂။ | သစ်မာ | ယူကလစ် | ၂၀၁၂-၁၃ | ၅၅၀ | | | | | | |
| ၃။ | သစ်မာ | ယူကလစ် | ၂၀၁၃-၁၄ | ၂၁၅ | | | | | | |
| | ပုဂ္ဂလိကစိုက်ခင်းပေါင်း | | | ၇၇၇ | | | | | | |

### ၂.၃.၂.၃.၂ ရေဝေရေလဲသစ်တောများ

လောက်ကိုင်မြို့နယ်၊ ကြိုးပြင်တောများအတွင်းရှိ ဆည်တမံများ၊ ရေထွက်များနှင့်အဓိကမြစ်ချောင်းများ၏ ရေဦးရေဖျားဒေသများကို ကွင်းဆင်းစစ်ဆေးနိုင်ခြင်း မရှိသေးပါသဖြင့် ရေဝေရေလဲ သစ်တောများဧရိယာ ကိုဖော်ပြနိုင်ခြင်း မရှိပါ။

### ၂.၃.၂.၃.၃ ဒေသထောက်ပံ့ရေးသစ်တောများ

စိုက်ခင်းစာရင်းအရ ကျေးရွာသုံးထင်းစိုက်ခင်း(၃၆၀)ဧက စိုက်ပျိုးထားကြောင်း တွေ့ရှိရသော်လည်း ယခင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းတွင် ဖော်ပြထားချက်နှင့် လားရှိုးခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၏ (၂၅-၂-၂၀၁၃)ရက်စွဲပါစာအမှတ်၊ ၁၈၁၆ / မ(က)၁ ဖြင့် စိုက်ခင်းလျှော့နည်းပျက်စီးစာရင်း တင်ပြထားမှုတို့အရ အဆိုပါကျေးရွာထင်းစိုက်ခင်းများ ပျက်စီးသွားကြောင်း တွေ့ရှိရပါသည်။ ဒေသလုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်လာပါက စိုက်ခင်းများကို ကွင်းဆင်းစစ်ဆေး၍ လိုအပ်သလိုဆက်လက်တင်ပြ ဆောင်ရွက်သွားပါမည်။

### ၂.၃.၂.၃.၄ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ မရှိပါ။

#### ၂.၃.၂.၃.၅ အခြားသစ်တောများ( အခြားကြိုးဝိုင်းတောအမျိုးအစားများအပါအဝင်)

လောက်ကိုင်ခရိုင်၊ လမ်းဘေးဝဲ/ယာ ကျွန်း(၉၃၀၀) ပင် စိုက်ပျိုးခဲ့ပြီးနောက် အိမ်ယာထူထောင်ရေးလုပ်ငန်းစဥ်အဖြစ် တစ်ရွာတစ်ဧကစိုက်ခင်း(၁)ဧက၊ တစ်အိမ်ထောင်ယူကလစ်(၂၀)ပင် အဖြစ်(၃၀၇၀၀)ပင်၊ တစ်အိမ်ထောင် ကျွန်း(၃)ပင် အနေဖြင့်(၂၄၀၀၀)ပင်နှင့် လူတစ်ဦး ကျွန်းတစ်ပင် အနေဖြင့် ( ၂၀၀၀) ပင် တို့အား စိုက်ပျိုးခဲ့ပါသည်။

### ၂.၃.၃ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ

မရှိပါ။

#### ၂.၃.၃.၁ ဝါးများ

မရှိပါ။

#### ၂.၃.၃.၂ ကြိမ်များ

မရှိပါ။

#### ၂.၃.၃.၃ အခြားသစ်တောထွက်ပစ္စည်းများ

မရှိပါ။

### ၂.၃.၄ သဘာဝထိန်းသိမ်းရေးနယ်မြေများ

မရှိပါ။

#### ၂.၃.၄.၁ ဂေဟစနစ်များအုပ်ချုပ်လုပ်ကိုင်မှု

ဖော်ပြရန်မရှိပါ။

#### ၂.၃.၄.၂ တောရိုင်းတိရစ္ဆာန်များနှင့်သဘာဝအပင်များ အုပ်ချုပ်လုပ်ကိုင်မှု

ဖော်ပြရန်မရှိပါ။

## ၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

### ၃.၁ လူဦးရေ

လောက်ကိုင်ခရိုင်အတွင်းရှိ လူဦးရေကို တောနေ၊ မြို့နေ အသက်အပိုင်းအခြား၊ အိမ်ထောင်စုဦးရေ၊ကျား၊ မတိုးပွားနှုန်းတို့ကိုဇယား(၃-၁)ဖြင့်လည်းကောင်းဖော်ပြအပ်ပါသည်။

**လောက်ကိုင်ခရိုင်အတွင်းရှိ လူဦးရေစာရင်းချုပ်**

ဇယား (၃-၁)

| စဉ် | မြို့နယ် | အိမ်ထောင်စုဦးရေ | လူဦးရေ | | | | စုစုပေါင်း | မြို့နေ | တောနေ | တိုးပွားနှုန်း |
|---|---|---|---|---|---|---|---|---|---|---|
| | | | ၁၈ နှစ်အောက် | | ၁၈ နှစ်အထက် | | | | | |
| | | | ကျား | မ | ကျား | မ | | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) |
| ၁ | လောက်ကိုင် | ၁၄၂၃၁ | ၁၈၆၅၃ | ၁၇၀၉၅ | ၂၈၂၈၈ | ၂၅၉၂၅ | ၈၉၉၆၁ | ၂၃၄၃၄ | ၆၆၅၂၇ | |
| ၂ | ချင်းရွှေဟော် | ၉၅၀ | ၉၀၄ | ၈၄၈ | ၁၆၉၃ | ၁၄၄၄ | ၄၈၈၉ | ၃၁၃၈ | ၁၇၅၁ | |
| ၃ | ကုန်းကြမ်း | ၅၄၆၂ | ၈၀၁၇ | ၇၄၇၈ | ၉၄၅၆ | ၈၈၂၁ | ၃၃၇၇၂ | ၁၁၈၇ | ၃၂၅၈၅ | |
| ၄ | မော်ထိုက် | ၄၂၀၃ | ၅၄၆၈ | ၅၁၀၀ | ၈၁၃၄ | ၇၅၈၈ | ၂၆၂၉၀ | ၄၂၅ | ၂၅၈၆၅ | |
| | **စုစုပေါင်း** | **၂၄၈၄၆** | **၃၃၀၄၂** | **၃၀၅၂၁** | **၄၇၅၇၁** | **၄၃၇၇၈** | **၁၅၄၉၁၂** | **၂၈၁၈၄** | **၁၂၆၇၂၈** | |

ဇစ်မြစ်- ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံလူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း(ရှမ်းပြည်နယ်)

### ၃.၂ ကဏ္ဍအလိုက်အလုပ်အကိုင်ရရှိမှု

လောက်ကိုင်ခရိုင်အတွင်းရှိ ကဏ္ဍအလိုက်အလုပ်အကိုင်ရရှိမှု လူဦးရေစာရင်းကို၊ ဇယား (၃-၂)ဖြင့် ဖော်ပြအပ်ပါသည်။

## လောက်ကိုင်ခရိုင်အတွင်းရှိ ကဏ္ဍအလိုက် အလုပ်အကိုင် ရရှိမှုဇယား

ဇယား (၃-၂)

| စဉ် | ကဏ္ဍ | လူဦးရေ | | စုစုပေါင်း | ကဏ္ဍအလိုက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကျား | မ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁ | လယ်ယာ | ၂၀၈၅၄ | ၁၂၄၈၅ | ၃၃၃၃၉ | ၄၃.၅၈ | |
| ၂ | စက်မှုလက်မှု | ၁၆၂၈ | ၉၇၄ | ၂၆၀၂ | ၃.၄၀ | |
| ၃ | ကုန်သွယ်မှု | ၃၁၃၁ | ၁၈၇၄ | ၅၀၀၅ | ၆.၅၄ | |
| ၄ | ဝန်ဆောင်မှု | ၁၆၁၄၇ | ၉၆၆၇ | ၂၅၈၁၄ | ၃၃.၇၄ | |
| ၅ | သစ်တော/သတ္တု | ၆၈၀ | ၄၀၇ | ၁၀၈၇ | ၁.၄၂ | |
| ၆ | စီမံခန့်ခွဲရေး | ၂၉၀၉ | ၄၇၇ | ၃၃၈၆ | ၄.၄၃ | |
| ၇ | ဆောက်လုပ်ရေး | ၁၅၃၀ | ၉၁၆ | ၂၄၄၆ | ၃.၂၀ | |
| ၈ | အလုပ်လက်မဲ့ဦးရေ | ၁၆၈၉ | ၁၁၃၁ | ၂၈၂၀ | ၃.၆၉ | |
| | စုစုပေါင်း | ၄၆၈၇၉ | ၂၆၈၀၀ | ၇၃၆၇၉ | ၁၀၀ | |

ဇစ်မြစ် - လောက်ကိုင်ခရိုင်၊ စီမံကိန်းဦးစီးဌာန

### ၃.၃ ကျေးရွာအုပ်စုအလိုက် လူဦးရေစာရင်း

လောက်ကိုင်ခရိုင်အတွင်းရှိ ကျေးရွာအုပ်စုအလိုက် လူဦးရေစာရင်းချုပ်ကို ဇယား ၃-၃(ခ) ဖြင့်လည်းကောင်း၊ မြို့နယ်အလိုက်ရပ်ကွက်/ကျေးရွာအုပ်စုများ၏ လူဦးရေစာရင်းကို အတွဲ(၂) ဇယား ၃-၃(က)ဖြင့်လည်းကောင်း ဖော်ပြအပ်ပါသည်။

## လောက်ကိုင်ခရိုင် အတွင်းရှိ ကျေးရွာအုပ်စုအလိုက် လူဦးရေစာရင်းချုပ်

ဇယား၃-၃(ခ)

| စဉ် | မြို့နယ် | ကျေးရွာ အုပ်စုပေါင်း | အိမ်ထောင်စု | လူဦးရေ | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁။ | လောက်ကိုင် | ၇ | ၁၀၈၄၆ | ၃၄၅၉၇ | ၃၁၉၃၀ | ၆၆၅၂၇ | |
| ၂။ | ချင်းရွှေဟော် | ၆ | ၃၃၂ | ၉၃၄ | ၈၁၇ | ၁၇၅၁ | |
| ၃။ | ကုန်းကြမ်း | ၄ | ၅၃၀၅ | ၁၆၈၅၈ | ၁၅၇၂၇ | ၃၂၅၈၅ | |
| ၄။ | မော်ထိုက် | ၄ | ၄၀၈၆ | ၁၃၃၈၂ | ၁၂၄၈၃ | ၂၅၈၆၅ | |
| | စု စု ပေါင်း | ၂၁ | ၂၀၅၆၉ | ၆၅၇၇၁ | ၆၀၉၅၇ | ၁၂၆၇၂၈ | |

ဇစ်မြစ်- ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံလူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း(ရှမ်းပြည်နယ်)

# ၄။ ယခင်အုပ်ချုပ်လုပ်ကိုင်မှု

## ၄.၁ ထုတ်လုပ်ခြင်း

### ၄.၁.၁ သစ်ထုတ်လုပ်ခြင်း

ခရိုင်အတွင်း လွန်ခဲ့သည့် (၁၀)နှစ်တာ ကာလအတွင်း ကျွန်းနှင့်သစ်မာ ထုတ်လုပ်ခြင်းမရှိခဲ့ပါ။

### ၄.၁.၂ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ခြင်း

ခရိုင်အတွင်းလွန်ခဲ့သည့်(၁၀)နှစ်တာကာလအတွက်သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်မှု မရှိပါ။

## ၄.၂ သစ်တောစိုက်ပျိုးပြုစုခြင်း၊ အုပ်ချုပ်လုပ်ကိုင်ခြင်း

လောက်ကိုင်ခရိုင်တွင် ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော ဖွဲ့စည်းထားမှုမရှိသဖြင့်လည်းကောင်း၊ စိုက်ခင်းများ ပျက်စီးသွားသဖြင့်လည်းကောင်း၊ လွန်ခဲ့သည့် စီမံကိန်းကာလအတွင်း လောက်ကိုင်ခရိုင်၌ သစ်တောစိုက်ပျိုးပြုစုခြင်းနှင့် အုပ်ချုပ်လုပ်ကိုင်ခြင်း မရှိပါ။

## ၄. ၃ လုပ်ငန်းဖွဲ့စည်းပုံနှင့် စီမံခန့်ခွဲခြင်း

၁။ ၁၈၅၆ ခုနှစ် မတိုင်မီ ရှေးမြန်မာမင်းများ လက်ထက်နှင့်ကိုလိုနီ အုပ်ချုပ်ရေးခေတ်တို့တွင် သီးခြားဝန်ကြီးဌာန ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းမရှိပဲ၊ သစ်တောဌာနအဖြစ်သာ တည်ထောင်လျက် အုပ်ချုပ်ရေးဌာနမှ ပုဂ္ဂိုလ်များနှင့်တွဲဖက်၍ သစ်တောရေးရာကိစ္စရပ်များကို ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။

၂။ ၁၈၅၆ခုနှစ်တွင်သစ်တောဌာနကို စနစ်တကျတည်ထောင်ပြီး သစ်တောပေါက်ရောက်မှုများကို စာရင်းကောက်ယူခြင်း၊ သစ်တောအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့်မြန်မာ့သစ်တောများကို သိပ္ပံနည်းကျစနစ်တကျ အုပ်ချုပ်လုပ်ကိုင်လာခဲ့ ပါသည်။

၃။ ၁၉၂၃ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာနိုင်ငံကို ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ဖြင့် အိန္ဒိယမှ ခွဲထုတ်၍ သီးခြားအုပ်ချုပ်ခဲ့ပြီးနောက် သစ်တောရေးရာဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

၄။ ၁၉၄၈ခုနှစ်တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် လယ်ယာနှင့်သစ်တော ဝန်ကြီးဌာန အဖြစ်ပြင်ဆင်ဖွဲ့စည်းလျက် သစ်တောရေးရာကိစ္စရပ်များကို စီမံဆောင်ရွက်ခဲ့သည်။

၁၉၇၂ခုနှစ် တွင်သစ်တောဌာနကို သစ်တောဦးစီးဌာနအဖြစ် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ သစ်တောများကိုလည်း သစ်တောတိုင်းကြီး(Forest Circle) ၈ ခု နှင့် သစ်တောခရိုင် (၃၆) ခုအဖြစ်ခွဲခြား၍ စီမံအုပ်ချုပ်ခဲ့ပါသည်။ သစ်တောနယ် တစ်ခုစီအတွက် သစ်တောအုပ်ချုပ်မှု စီမံကိန်း (Working Plan)များ ရေးဆွဲပြီး အုပ်ချုပ်ခဲ့ပါသည်။

၁၉၈၃ ခုနှစ်တွင် လယ်ယာနှင့်သစ်တော ဝန်ကြီးဌာန၏၁၉၈၂ ခုနှစ်၊ ဇူလိုင်လ (၂)ရက် နေ့စွဲပါ စာအမှတ်၊ ၁/၁၈၀/(၈)(၇)(၁၃၆၆/၈၂)နှင့် ၁၉၈၃ ခုနှစ်၊ ဖေဖော်ဝါရီ (၁၆)ရက် နေ့စွဲပါ စာအမှတ်၊ ဒ၀တ/သစ်တော/၈၃တို့အရ နယ်ဘက်အုပ်ချုပ်ရေး (Civil Administration)နှင့် လိုက်လျောညီထွေရှိစေရန် သစ်တောခရိုင် (Forest Division) များကိုဖျက်သိမ်း၍ ဗဟိုပြည်နယ်/ တိုင်း၊ မြို့နယ်များအဖြစ် သစ်တောဦးစီးဌာနကို ဝန်ထမ်းဦးရေ (၃,၈၅၉)ဦးဖြင့်ပင် ပြန်လည်ပြင်ဆင် ဖွဲ့စည်းခဲ့ပါသည်။

၁၉၈၈ ခုနှစ်တွင် သစ်တောဦးစီးဌာန၏ ဖွဲ့စည်းပုံကို ဝန်ထမ်းအင်အားစုစုပေါင်း (၁၄,၇၅၁) ဦးဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေးလုပ်ငန်း ဆောင်ရွက်ရေး ကိစ္စများတွင် ပြည်နယ်/ တိုင်းများမှ အဆိုပြုတင်ပြချက်များကို ဗဟိုမှစိစစ်၍ ချမှတ် ဆောင်ရွက်စေပါသည်။

၅။ ၁၉၉၂ခုနှစ်၊ မတ်လ(၅)ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၁၇/၉၂)အရ လယ်ယာနှင့်သစ်တောဝန်ကြီးဌာနကို သစ်တောရေးရာဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနအဖြစ် သီးခြားစီပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ၁၉၉၄ခုနှစ်၊ ဇူလိုင်လ(၁၁)ရက်နေ့တွင် တိုင်း/ခရိုင်/မြို့နယ် ရုံးများ ဖွဲ့စည်း၍ အုပ်ချုပ်ရေး စနစ်အမျိုးမျိုး ပြောင်းလဲ၍ သစ်တောများကို အုပ်ချုပ်လုပ်ကိုင်ခဲ့ပါသည်။

ယခုအခါ သစ်တောလုပ်ငန်းများနှင့် စပ်လျဉ်းသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်မှ တာဝန်ယူဆောင်ရွက်၍ အချို့ကို ပြည်နယ်/တိုင်း သစ်တောဦးစီးဌာနများအား တာဝန်ပေးအပ်ထားပါသည်။

၆။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ ၁၉၉၃ခုနှစ်၊ စက်တင်ဘာလ (၁၀)ရက် နေ့စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၄၁/၉၃ဖြင့် သစ်တောပြုစုထိန်းသိမ်းရေး ကော်မတီနှင့် ဒေသဆိုင်ရာ သစ်တောပြုစုထိန်းသိမ်းရေး ကော်မတီများကို ဖွဲ့စည်းပြီး နိုင်ငံတော်ပိုင်သစ်တောများ မဖြုန်းတီးရေး၊ သစ်တောများ ပြန်လည်ပြုစု ပျိုးထောင်ရေး၊ သစ်တောစိုက်ခင်းများတည်ထောင်ရေး၊သစ်တောနှင့်သစ်တောထွက် ပစ္စည်းများထိန်းသိမ်းကာကွယ်ရေး၊ သစ်တောနှင့်ပတ်သက်သည့် မသမာမှုများ ကင်းရှင်းရေးတို့အတွက် စီမံ

ဆောင်ရွက်ရန်၊ လက်ရှိသစ်တောဧရိယာ အမှန်စာရင်း ရရှိရေးအတွက်ကွင်းဆင်းတိုင်းတာ စစ်ဆေးပြုစုပေးရန် စသည့်လုပ်ငန်းများကို အကောင်အထည် ဖော်သွားမည်ဖြစ်ပါသည်။

၁၉၈၈ ခုနှစ် မတိုင်မီ လောက်ကိုင်၊ ကုန်းကြမ်းနှင့် ချင်းရွှေဟော်မြို့နယ် တို့အား လားရှိုးမြို့နယ်၏ တွဲဘက်အုပ်ချုပ်သောနယ်မြေအဖြစ် သတ်မှတ်ပြီး ဝန်ထမ်း(၁)ဦးသာ ထားရှိအုပ်ချုပ်ခဲ့ပါသည်။ ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ(၁၂)ရက်နေ့ ရက်စွဲပါ အမိန့် ကြော်ငြာ စာအမှတ်(၂၅၅) အရ ဟိုပန်မြို့နယ်အား (ခ) အဆင့် မြို့နယ် အဖြစ်သတ်မှတ် ၍ ကွမ်းလုံ၊ ကုန်းကြမ်း၊ ပန်ဝိုင်၊ မိုင်းမော မြို့နယ်တို့အား ပူးတွဲမြို့နယ်အဖြစ် သတ်မှတ်ခဲ့ပါသည်။

နယ်အုပ်ချုပ်ရေး အစီအစဉ်များအရ ၁၉၉၆ ခုနှစ်တွင် ကွမ်းလုံခရိုင်အတွင်း ပါဝင်သော လောက်ကိုင်နှင့် ကုန်းကြမ်းမြို့နယ်များအား စုစည်း၍ လောက်ကိုင်ခရိုင်ဟု သီးခြား ဖွဲ့စည်းခဲ့သောကြောင့် ကွမ်းလုံခရိုင် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းတွင် ကွမ်းလုံ ခရိုင်နှင့် လောက်ကိုင်ခရိုင်များဟူ၍ (၂)ခရိုင် ပါဝင်ခဲ့ပါသည်။ လောက်ကိုင်ခရိုင် အတွင်းရှိ လောက်ကိုင်မြို့နယ်နှင့် ကုန်းကြမ်းမြို့နယ်တို့အား (၁၇-၆-၁၉၉၆)ရက်စွဲပါစာအမှတ်၊ စီမံ/ ဝထ/ ၀၀၁/ ၁၃၉၀၂-၉၀၄/ ၉၆ အရ၊ လောက်ကိုင်မြို့နယ် (ခ) အဆင့်နှင့် ကုန်းကြမ်း မြို့နယ် (ခ) အဆင့်အဖြစ်သတ်မှတ်ခဲ့ပါသည်။

ဝန်ထမ်းအင်အားနည်းပါးမှုနှင့် သစ်တောလုပ်ငန်း နည်းပါးမှုတို့ကြောင့် လက်ရှိ ဝန်ထမ်းအင်အားဖွဲ့စည်းပုံမှာ လောက်ကိုင်မြို့နယ်တွင် တောအုပ်ကြီး(၁)ဦး၊ တောခေါင်း (၂)ဦး ဖြင့်လည်းကောင်း၊ ကုန်းကြမ်းမြို့နယ်တွင် တောအုပ်ကြီး (၁)ဦး၊ တောအုပ် (၁)ဦး၊ တောခေါင်း (၂)ဦးဖြင့်လည်းကောင်း၊ ချင်းရွှေဟော်မြို့နယ်ခွဲတွင် တောအုပ် (၁)ဦးဖြင့် လည်းကောင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ မော်ထိုက်မြို့နယ်ခွဲတွင် ခွင့်ပြု ဝန်ထမ်းမရှိပါ။ လက်ရှိအချိန်တွင် ဝန်ထမ်းတာဝန်ချထားနိုင်မှုမရှိပါ။

လောက်ကိုင်ခရိုင်အတွင်း ဘိနယ်(၂)ခုဖြင့် ခွဲခြားအုပ်ချုပ်ပြီး ဘိနယ်များနယ်နိမိတ် သတ်မှတ်ခြင်းနှင့် ဝန်ထမ်းတာဝန်ချထားမှုကို အတွဲ(၂)ဇယား ၄-၃(က)ဖြင့်လည်းကောင်း၊ လောက်ကိုင်ခရိုင်၏ခွင့်ပြု ဝန်ထမ်းဖွဲ့စည်းပုံနှင့် လက်ရှိ ဝန်ထမ်းအင်အား ခန့်ထားနိုင်မှုကို ဇယား ၄-၃(ခ) ဖြင့် လည်းကောင်း ဖော်ပြထားပါသည်။

## လောက်ကိုင်ခရိုင် သစ်တောဝန်ထမ်းများခွင့်ပြု/ခန့်ထားစာရင်း

ဇယား ၄-၃(ခ)

**သစ်တောဦးစီးဌာန၊ လားရှိုးခရိုင် လက်ထောက်ညွှန်ကြားရေးမှူးရုံး**

| | |
|---|---|
| လက်ထောက်ညွှန်ကြားရေးမှူး | ၁ / ၁ ဦး |
| ဦးစီးအရာရှိ | ၁ / - ဦး |
| တောအုပ်ကြီး | ၂ / - ဦး |
| တောအုပ် | ၂ / - ဦး |
| တောခေါင်း | ၄ / ၁ ဦး |
| ရုံးအဖွဲ့ | ၁၀ / ၈ ဦး |
| ယာဉ်မောင်း | ၁ / - ဦး |
| လုံခြုံရေးနှင့်အကူဝန်ထမ်း | ၅ / - ဦး |

**သစ်တောဦးစီးဌာန၊ လောက်ကိုင်မြို့နယ် (ခ)အဆင့်မြို့နယ်**

| | |
|---|---|
| တောအုပ်ကြီး | ၁ / ၁ ဦး |
| တောအုပ် | ၄ / - ဦး |
| တောခေါင်း | ၈ / ၂ ဦး |
| စာရင်းကိုင်(၄) | ၁ / - ဦး |
| အငယ်တန်းစာရေး | ၁ / - ဦး |
| တောကြပ် | ၄ / - ဦး |
| အကူဝန်ထမ်း | ၁ / - ဦး |

**ချင်းရွှေဟော်မြို့နယ် (တွဲဘက်မြို့နယ်)**

| | |
|---|---|
| တောအုပ် | -၁ / ၁ ဦး |
| တောခေါင်း | - / - ဦး |

**သစ်တောဦးစီးဌာန၊ ကုန်းကြမ်းမြို့နယ် (ခ)အဆင့်မြို့နယ်**

| | |
|---|---|
| တောအုပ်ကြီး | ၁ / ၁ ဦး |
| တောအုပ် | ၁ / ၁ ဦး |
| တောခေါင်း | ၂ / ၂ ဦး |

**မော်ထိုက်မြို့နယ် (တွဲဘက်မြို့နယ်)**

| | |
|---|---|
| တောအုပ် | - / - ဦး |
| တောခေါင်း | - / - ဦး |

### ၄.၄ လေ့ကျင့်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေး

ခရိုင်အတွင်းရှိ လက်ရှိဝန်ထမ်းများ၏ အရည်အသွေးမြင့်မားရေးအတွက် ပို့ချခဲ့သည့် ပြည်တွင်းနှင့် ပြည်ပသင်တန်းများကို အတွဲ(၂)ဇယား(၄-၄)တွင် ဖော်ပြထားပါသည်။ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု မရှိပါ။

### ၄.၅ အခွန်တော်ငွေနှင့် အသုံးစရိတ်

လောက်ကိုင်ခရိုင်၏ ငွေစာရင်းလုပ်ငန်းများအား ကွမ်းလုံမြို့နယ်၊ ဦးစီးအရာရှိရုံးမှ တာဝန်ယူ ဆောင်ရွက်ပေးရသည့်အတွက် သီးခြားခွဲထုတ်၍ ဖော်ပြနိုင်ခြင်းမရှိပါ။ လာမည့် စီမံကိန်းကာလအတွင်း သီးခြားခွဲထုတ်၍ ဆောင်ရွက်နိုင်ရေး ဆက်လက်တင်ပြဆောင်ရွက် သွားပါမည်။

## ၅။ ယခင်လုပ်ငန်းဆောင်ရွက်မှုအပေါ် သုံးသပ်ခြင်း

### ၅.၁ ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု

လွန်ခဲ့သော (၁၀)နှစ်တာကာလတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေး အစီအစဉ်အရ ကွမ်းလုံ၊ ချင်းရွှေဟော်၊ လောက်ကိုင်၊ နမ့်တစ်၊ ဟိုပန်မြို့နယ် များတွင် တည်ထောင်ထားသော စိုက်ခင်းဒေသများရှိ သစ်တောစိုက်ခင်း အခြေစိုက် စခန်းများတွင် လုံခြုံရေးအခြေအနေအရ ဝန်ထမ်းများ အခြေချနေထိုင်မှုမရှိခြင်း၊ ဒေသခံ များ၏ ဒေသစွဲအရ ၎င်းတို့ပိုင်မြေပေါ်တွင် အစိုးရပိုင်စိုက်ခင်းများ တည်ထောင်မှုကို မလိုလားခြင်း၊ စိုက်ခင်းတည်ထောင်စရိတ် ရန်ပုံငွေနှင့် ဒေသပေါက်ဈေးနှုန်းများ ကွာဟ ချက်မြင့်မားခြင်းစသည့် အကြောင်းများကြောင့် တည်ထောင်ပြီးသော စိုက်ခင်းများ အားလုံးနီးပါးပျက်စီးခဲ့ကြောင်း တင်ပြထားသော အစီရင်ခံစာများအရ သိရှိရပါသည်။ ထို့ပြင်လောက်ကိုင်ခရိုင်အတွင်း၌ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများ ဖွဲ့စည်းထားခြင်း မရှိဘဲ စိုက်ခင်းများကို ကြိုးပြင်တောမြေများ၌သာ တည်ထောင်ခဲ့ရပါသည်။ ယခင် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းတွင် ဖော်ပြထားချက်အရ ၁၉၉၀-၁၉၉၁ ခုနှစ်မှ ၁၉၉၉-၂၀၀၀ ခုနှစ်အထိ တည်ထောင်ထားရှိသော စိုက်ခင်းဧရိယာစုစုပေါင်းမှာ (၅၁၀) ဧကရှိပြီး စိုက်ခင်းများအားလုံး ပျက်စီးခဲ့ရကြောင်း တင်ပြထားသည်ကို တွေ့ရှိရသော် လည်း လားရှိုးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၏ (၂၅-၂-၂၀၁၃)နေ့စွဲပါစာအမှတ်၊ ၁၈၁၆/မ(က)၁ဖြင့် တင်ပြထားချက်အရ စိုက်ခင်း(၂၁၀)ဧက ပျက်စီးသွားကြောင်း တင်ပြ ထားပါသည်။ ကျန်ရှိသော စိုက်ခင်းဧက(၃၀၀)ခန့်မှာ ၁၉၉၅-၁၉၉၆ ခုနှစ်နှင့် ၂၀၀၄- ၂၀၀၅ ခုနှစ်တွင် ဖြစ်ပွားသော ကိုးကန့်လူမျိုးစုတိုက်ပွဲများနှင့် ၂၀၀၉-၂၀၁၀ ခုနှစ်တွင် တပ်မတော်နှင့် ကိုးကန့်လူမျိုးစုများအကြားဖြစ်ပွားသော တိုက်ပွဲကာလများတွင် ပျက်စီး

ဆုံးရှုံးခဲ့ရသဖြင့် စိုက်ခင်းလျော့နည်းပျက်စီးစာရင်း တင်ပြနိုင်မှုမရှိကြောင်း သိရှိရပါသည်။ လက်ရှိအခြေအနေအရ စိုက်ခင်းအတွင်း သီးနှံများကျူးကျော်ဝင်ရောက် စိုက်ပျိုးခြင်း၊ လုံခြုံရေးအရ ဝန်ထမ်းများ ဝင်ထွက်သွားလာရန် ခက်ခဲခြင်း၊ ဒေသအစွဲအရ အစိုးရဌာနများမှ ဆောင်ရွက်သော သစ်တောလုပ်ငန်းများနှင့် စိုက်ခင်းလုပ်ငန်းများကို လိုလားကြည်ဖြူမှုမရှိခြင်း စသည်တို့ကြောင့် ရေရှည်အလားအလာ ကောင်းမွန်မည့် အခြေအနေ မတွေ့ရှိရပါ ။ လောက်ကိုင်ခရိုင်တွင် ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများ ဖွဲ့စည်းထားမှု မရှိသည့်အတွက် ယခင်စီမံကိန်းကာလအတွင်း သစ်တောပြုစုထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နိုင်မှုမရှိ ကြောင်းတွေ့ရှိရပါသည်။

## ၅.၂ လူမှုရေးနှင့်လူ့အဖွဲ့အစည်းဆိုင်ရာ ပြဿနာများ

လောက်ကိုင်ခရိုင်အတွင်းတွင် ကိုးကန့်လူမျိုး၊ ‘ဝ’လူမျိုး၊ ရှမ်းလူမျိုး၊ တရုတ်လူမျိုး၊ မြန်မာလူမျိုး၊ ကချင်လူမျိုးစသည်ဖြင့် လူမျိုးစုံနေထိုင်ကြပါသည်။ အများဆုံးမှာ ‘ကိုးကန့်’လူမျိုးများဖြစ်ပြီး ၁၉၈၈ခုနှစ်မတိုင်မီ အချိန်ကာလများ၌ ဒေသတွင်းငြိမ်းချမ်းမှု မရှိခဲ့ပါ ။ ၁၉၈၉ ခုနှစ်တွင်မှ ငြိမ်းချမ်းရေးရရှိခဲ့သော်လည်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှာ လက်နက်စွန့်လွှတ်ခြင်းမရှိဘဲ ၎င်းတို့နယ်မြေများအား ၎င်းတို့ကိုယ်တိုင် ကာကွယ်စောင့်ရှောက်ကြပါသည်။ သို့ပါ၍ ဌာနဆိုင်ရာ ဝန်ထမ်းများသည် ၎င်းတို့ နယ်မြေအတွင်းသို့ လွတ်လတ်စွာ ဝင်/ထွက်နိုင်မှု မရှိခဲ့ပါ။ ၎င်းအပြင် လူမျိုးအချင်းချင်း ပဋိပက္ခများရှိရာ ဝင်/ထွက်မှု ပိုမိုကြပ်တည်းပါသည်။

## ၅.၃ အုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းများ

ယခင်စီမံကိန်း(၁၀)နှစ်တာကာလအတွင်း သစ်တောထွက်ပစ္စည်း အသေးအဖွဲ့များ အတွက် အခွန်တော်ကောက်ခံရာတွင် ပေးဆောင်မှုမရှိခြင်း၊ ဘာသာစကား အခက်အခဲနှင့် နယ်မြေလုံခြုံရေးအခြေနေများကြောင့် လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရာတွင် အောင်မြင်မှုမရရှိဘဲ အခက်အခဲများစွာ တွေ့ကြုံရပါသည်။ နယ်မြေလုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်လာပါက ၎င်းဒေသတွင် ဒေသခံ လူမျိုးဝန်ထမ်းများ တာဝန်ချထားခြင်းဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် တဖြည်းဖြည်း အဆင်ပြေချောမွေ့အောင်မြင်လာနိုင်မည်ဟုသုံးသပ်ရပါသည်။

## ၅.၄ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းဆိုင်ရာ စီစဉ်ခန့်ခွဲမှု

၁၉၉၂ခုနှစ် နောက်ပိုင်းမှသာ ဖွဲ့စည်းပုံ ပီပြင်လာခဲ့ပါသည်။ ဖွဲ့စည်းပုံပီပြင်လာသော်လည်း၊ ဝန်ထမ်းအင်အားဖွဲ့စည်းပုံ အပြည့်ခန့်ထား တာဝန်ပေးအပ်နိုင်ခြင်း မရှိပါ။ ဝန်ထမ်းအင်အား အပြည့်အဝရရှိအောင် ဖြည့်ဆည်းပေးသင့်ပါသည်။ ဝန်ထမ်းများနှင့် လုပ်ငန်းသုံး

အတွက် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ထော်လာဂျီများ ထုတ်ပေးထားသင့်ပါသည်။ ဒေသပေါက်ဈေးနှုန်းနှင့် ကိုက်ညီစေရန် သစ်တောလုပ်ငန်းများအတွက် လုပ်ငန်းသုံးခွင့်ပြုငွေနှုန်းထားအား ပြည်မတွင် ခွင့်ပြုသော နှုန်းထား၏ (၃)ဆခန့် ပိုမိုခွင့်ပြုသင့်ပါသည်။ သစ်တောဥပဒေအာဏာ သက်ရောက်လွှမ်းမိုးမှု အားနည်း၍ လူမျိုးစုအဖွဲ့အစည်း ခေါင်းဆောင်များအား တဖြည်းဖြည်း ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ထိုနောက်မှ တစ်ဆင့်တက်၍ အရေးယူမှုအပိုင်း ဆောင်ရွက်သင့်ပါသည်။

## ၅.၅ ပြင်ပအကြောင်းရပ်များ၏ အကျိုးသက်ရောက်မှု

လျှပ်စစ်မီးဖိုနှင့် ဓါတ်ငွေ့သုံးမီးဖိုစနစ်များ၊ တဖြည်းဖြည်း ကျယ်ပြန့်စွာ အသုံးပြုလာခြင်းကြောင့် သစ်တောပြုန်းတီးမှု အနည်းငယ် လျော့နည်းလာသော်လည်း မြို့ရွာနှင့် သီးနှံစိုက်ပျိုးမြေ တိုးချဲ့ခြင်းကြောင့် သစ်တောပြုန်းတီးမှုပိုမိုလာကြောင်း တွေ့ရှိရသည်။

## ၅.၆ လိုအပ်ချက်နှင့် ဖြည့်ဆည်းပေးနိုင်မှု

ဘိုးစဉ်ဘောင်ဆက် ရွှေ့ပြောင်းတောင်ယာစနစ် ကျင့်သုံးလာခဲ့ရာ၊ ယနေ့အထိ အစဉ်အလာ ပပျောက်အောင် ဆောင်ရွက်နိုင်မှု မရှိသည့်အတွက်ကြောင့်လည်းကောင်း၊ နှစ်ရှည်စိုက်ခင်းများ၊ သီးနှံစိုက်ခင်းများ တိုးချဲ့လာသည့် အတွက်ကြောင့်လည်းကောင်း သစ်တောဖုံးလွှမ်းမှု ဧရိယာများ တစ်စတစ်စ လျော့နည်းပျက်စီးခဲ့ရပါသည်။ ထို့ပြင် ဒေသခံပြည်သူလူထု လိုအပ်ချက်ဖြစ်သော လောင်စာ၊ ထင်း၊ မီးသွေး၊ အိမ်ဆောက်ပစ္စည်း များဖြစ်သည့် သစ်၊ တိုင်၊ မျော၊ ဝါး လုံလုံလောက်လောက် ရရှိမှုမရှိသဖြင့် အခြားဒေသများမှ ဝယ်ယူအသုံးပြုနေရပါသည်။ ဌာနမှ ကျေးရွာသုံးစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခဲ့သော်လည်း ဒေသလုံခြုံရေး မကောင်းမွန်ခြင်းကြောင့်လည်းကောင်း၊ ဒေသစွဲအရ စိုက်ခင်းများအပေါ် ဒေသခံများမှ အလေးမထား ဖျက်ဆီးခြင်းကြောင့်လည်းကောင်း၊ ဒေသလိုအပ်ချက် ဖူလုံအောင် ဖြည့်ဆည်းပေးရန် အခက်အခဲများ တွေ့ကြုံရပါသည်။

## ၅.၇ အခွန်တော်ငွေနှင့် အသုံးစရိတ်

အခွန်တော်ငွေနှင့် အသုံးစရိတ် စာရင်းမှာ ကွမ်းလုံမြို့နယ် စာရင်းများတွင် ပါဝင်ပါသည်။

## ၅.၈ လုပ်ငန်းများဆိုင်ရာ အခက်အခဲအတားအဆီးများ

ကဏ္ဍအသီးသီးတွင် ဖော်ပြခဲ့သည့်အတိုင်း

(က) ဘာသာစကားခက်ခဲခြင်း

(ခ) ဒေသဈေးနှုန်းများသည် ပြည်မပေါက်ဈေးနှုန်းများထက် (၃)ဆခန့်ပိုမို မြင့်မားခြင်း၊

(ဂ) ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အားနည်းခြင်း၊

(ဃ) ခရီးလမ်းပန်း ဆက်သွယ်မှု ခက်ခဲခြင်း၊

(င) လုံခြုံရေးမကောင်းမွန်ခြင်း၊

## ၅.၉ အထွေထွေ

နယ်စပ်ဒေသနှင့်တိုင်းရင်းသားဖွံ့ဖြိုးရေးစီမံကိန်းအရ သစ်တောဦးစီးဌာနမှဒေသစိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များပျိုးထောင်၍ အခမဲ့ဖြန့်ဝေပေးခြင်း ကျေးရွာသုံးထင်းစိုက်ခင်းများ စိုက်ပျိုးပေးခြင်း၊ စီးပွားရေးစိုက်ခင်းများကို နယ်မြေဒေသနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။ သို့ရာတွင် ဒေသခံခေါင်းဆောင်များမှသာ လိုအပ်ကြောင်း တင်ပြလျက်ရှိကြပြီး၊ နယ်မြေခံ ပြည်သူလူထု၏ စိတ်ဝင်စားမှု အားနည်းသည့်အတွက် ဆောင်ရွက်ခဲ့သမျှ၏ (၅၀%)ခန့် အောင်မြင်မှုမရှိကြောင်း လေ့လာသုံးသပ်မိပါသည်။ သို့ဖြစ်၍ တိုင်းရင်းသားတို့၏ စွဲမြဲသော အယူအဆအရ လူမျိုးခေါင်းဆောင်တို့၏ စကားကိုသာ နာခံသည်ဖြစ်ရာ ၎င်းခေါင်းဆောင်တို့ ကိုယ်တိုင် လုပ်ငန်းများတွင် ဖိဖိစီးစီး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဟု ထင်မြင်မိပါသည်။

# ၆။ နိဂုံး

ဤစီမံကိန်းရေးဆွဲရသည့် ရည်ရွယ်ချက်တွင် ဖော်ပြထားသည့်အတိုင်း သစ်တောများ၊ သဘာဝတောများ ပြန်လည်ရှင်သန်ကြီးထွားလာစေရန်၊ ပတ်ဝန်းကျင်ပျက်စီး ထိခိုက်မှု လျော့နည်းလာစေရန်၊ ဂေဟစနစ် မျှတလာစေရန်၊ မှီတင်းနေထိုင်သူများ အခြေခံ လိုအပ်ချက်ရရှိစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ရေးဆွဲသည်ဖြစ်ရာ၊ သစ်တောကာကွယ် ထိန်းသိမ်းခြင်းရှုထောင့်မှသာ ဘက်စုံဆောင်ရွက် မည်ဖြစ်ပါ သည်။

# အပိုင်း(၂)

# အနာဂတ်အုပ်ချုပ်လုပ်ကိုင်မှု

## ၇။ သစ်တောမူဝါဒ

- ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၁၀(ခ)တွင် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုနှင့် စပ်လျဉ်းသည့် စီမံကိန်းများကို ရေးဆွဲ၍ သစ်တောရေးရာဝန်ကြီးထံ တင်ပြရမည်ဟု ဖော်ပြထားပါသည်။

- ၁၉၉၅ ခုနှစ်၊ မြန်မာ့သစ်တောမူဝါဒ၊ သဘောထားကြေညာချက် အခန်း(၃-၆)တွင်လည်း သစ်တောကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ ယေဘူယျ လမ်းညွှန်ချက်များနှင့် ရည်မှန်းချက်များ ချမှတ်နိုင်မည့် ၁၀ နှစ် စီမံကိန်း တစ်ရပ်ကို ရေးဆွဲသွားရန် မူဝါဒလုပ်ငန်းတစ်ရပ်အဖြစ် ဖော်ပြထားပါသည်။

- ထို့အပြင် ၁၉၉၅ ခုနှစ်၊ အမျိုးသားသစ်တောရေးရာ ဆောင်ရွက်မှုစီမံချက်၊ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုအပိုင်းတွင် ဖော်ပြထားသည့် အုပ်ချုပ်လုပ်ကိုင်မှုနယ်မြေ တစ်ခုစီအတွက် ဘက်စုံအသုံးချ အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများကို ရေးဆွဲရန် အကြံပြုထားပါသည်။

- စနစ်တကျ ရေးဆွဲထားသော သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများမရှိပဲ သစ်တောများကို ထာဝစဉ် တည်မြဲစေရန် အုပ်ချုပ်လုပ်ကိုင်နိုင်မည်မဟုတ်ပါ။ ထို့ပြင် သစ်တောအုပ်ချုပ် လုပ်ကိုင်မှု စီမံကိန်းရေးဆွဲ၍ အုပ်ချုပ်လုပ်ကိုင်ခြင်းမှာ အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသသစ်အဖွဲ့ (International Tropical Timber Organization-ITTO)က သတ်မှတ်ထားသော သစ်တောများကို ထာဝစဉ်တည်မြဲစေရန် အုပ်ချုပ်လုပ်ကိုင်ခြင်း (Sustainable Forest Management – SFM) ၏ စံချိန်စံညွှန်း(Indicator) တစ်ခုလည်း ဖြစ်ပါသည်။

- သို့ဖြစ်ပါ၍ ဤအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းကို ၁၉၉၅ခုနှစ် မြန်မာ့သစ်တောမူဝါဒ သဘောထား ကြေငြာချက်တွင် ချမှတ်ထားသည့် ပဓာနကျသည့် အချက်(၆)ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ရည်ရွယ်၍ ရေးဆွဲခြင်းဖြစ်ပါသည်။

(က) **ကာကွယ်ခြင်း။** ။ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန် ဇီဝမျိုးစုံနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရပါမည်။

( ခ ) **ထာဝစဉ်တည်တံ့စေခြင်း။** ။ လက်ရှိပြည်သူလူထုနှင့် နောင်လာနောင်သားများပါ သစ်တောမှ ရရှိနိုင်သည့် တိုက်ရိုက်နှင့် သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန် သစ်တောသယံဇာတ အရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရပါမည်။

( ဂ ) **အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း။** ။ ပြည်သူလူထု၏ လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိ သည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရပါမည်။

(ဃ) **စွမ်းဆောင်ရည် တိုးတက်မြင့်မားစေခြင်း။** ။ သစ်တောသယံဇာတများမှ ရရှိနိုင်သည့် အကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝ အသုံးချနိုင်ရန် စီမံရပါမည်။

( င )**ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း။** ။ သစ်တောများ ပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးဆိုင်ရာ လုပ်ငန်းတို့တွင်ပြည်သူတို့ ပူးပေါင်းပါဝင် လာကြစေရန် ဆောင်ရွက်သွားရပါမည်။

( စ )**ပြည်သူအတွင်း နိုးကြားထကြွသည့် အသိရှင်သန်နေစေခြင်း။** ။ နိုင်ငံတော်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများ၏ အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့် အသိရှင်သန်နေစေရန် စည်းရုံးလှုံ့ဆော်သွားရပါမည်။

## ၈။ အုပ်ချုပ်လုပ်ကိုင်မှု ဦးတည်ချက်များနှင့် ရည်ရွယ်ချက်များ(၁၀နှစ်တာကာလအတွက်)

### ၈.၁ အုပ်ချုပ်လုပ်ကိုင်မှု ဦးတည်ချက်များ

#### ၈.၁.၁ လူမှုစီးပွားရေး

သစ်တောကဏ္ဍကို အခြေခံ၍ ဒေသခံပြည်သူလူထု၏ လိုအပ်ချက်ဖြစ်သော သစ်နှင့် အခြား သစ်တောထွက်ပစ္စည်းများ ဖူလုံစေရေးနှင့် ဝင်ငွေရရှိစေရန်။

#### ၈.၁.၂ သစ်တောဖွံ့ဖြိုးရေး

စီမံကိန်းရေးဆွဲ၍ သစ်တောများကို စနစ်တကျပြုစုထိန်းသိမ်းခြင်းဖြင့် သစ်တောသယံဇာတများကို အကျိုးရှိစွာ အသုံးချလာနိုင်ပြီး သစ်တောကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်။

### ၈.၁.၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး

သစ်တောများကို စီမံကိန်းချမှတ်၍ စနစ်တကျ အုပ်ချုပ်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ ပြည်သူတို့၏ စားဝတ်နေရေးကို အထောက်အကူဖြစ်စေရန်နှင့် စဉ်ဆက်မပြတ် အကျိုးစီးပွားခံစားနိုင်စေရန်။

### ၈.၁.၄ သဘာဝဝန်းကျင်ထိန်းသိမ်းရေး

သဘာဝဝန်းကျင်ထာဝစဉ်တည်ငြိမ်ရေးနှင့်ဂေဟစနစ်မျှတရေးကိုဆောင်ရွက်သွားရန်။

## ၈.၂ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ

### ၈.၂.၁ လူမှုစီးပွားရေးဖွံ့ဖြိုးမှု

နိုင်ငံတော်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောကဏ္ဍသည် အဓိကအခန်းမှပါဝင်နေကြောင်း ပြည်သူတို့အတွင်းနိုးကြားသည့် အသိစိတ်ရှင်သန်နေစေရေးကို စည်းရုံးလှုံ့ဆော်သွားရန်နှင့် သစ်တောကဏ္ဍ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူ ဖြစ်စေရန်အတွက် လူမှုစီးပွား ဖွံ့ဖြိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်။

### ၈.၂.၂ သစ်တောဖွံ့ဖြိုးမှု

လူမှုရေးနှင့် သဘာဝဝန်းကျင်ဆိုင်ရာ အကျိုးအမြတ်များ အစွမ်းကုန်ရရှိခံစား နိုင်ရေး၊ ဂေဟစနစ်များမျှတမှုနှင့် ဇီဝမျိုးစုံကွဲများ ထိန်းသိမ်းရေးအတွက် သစ်တောများ ပြန်လည်စိုက်ပျိုးပြုစုရန်နှင့် သစ်တောများကို ထာဝစဉ်သီး တောထွက်စနစ်ဖြင့် စီမံအုပ်ချုပ်နိုင်ရေးအတွက် ကြိုးဝိုင်းနှင့်ကြိုးပြင် ကာကွယ်တောများ အစဉ်တည်မြဲနေစေရေးကို ဆောင်ရွက်သွားရန်။

နိုင်ငံတော်ဧရိယာ၏စုစုပေါင်း(၃၀%)ကိုကြိုးဝိုင်းတောများအဖြစ် လည်းကောင်း၊ သဘာဝထိန်းသိမ်းရေး နယ်မြေများအဖြစ် ဖွဲ့စည်းဆောင်ရွက်ရာ၌ ရေတိုတွင် နိုင်ငံတော်ဧရိယာစုစုပေါင်း၏ (၅%)ကိုလည်းကောင်း၊ ရေရှည်တွင် (၁၀%) အထိ လည်းကောင်း ဖွဲ့စည်းဆောင်ရွက်ရန်။

### ၈.၂.၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဖွံ့ဖြိုးမှု

#### ၈.၂.၃.၁ သစ်နှင့်သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်း ထုတ်လုပ်မှု

သစ်နှင့်သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းအမျိုးမျိုးတို့ကို စွမ်းဆောင်ရည် ထက်မြက်စွာဖြင့်ထုတ်ယူ၍ ထာဝစဉ် အသုံးချအုပ်ချုပ်လုပ်ကိုင်သွားရန်။

#### ၈.၂.၃.၂ သစ်တောအခြေခံလုပ်ငန်းဖွံ့ဖြိုးမှု

သစ်တောများမှလိုအပ်သော သစ်ကုန်ကြမ်းပမာဏ အမှန်တကယ် ထုတ်လုပ်ပေးနိုင်သည့် အခြေအနေအပေါ်မူတည်၍ သစ်တောအခြေခံလုပ်ငန်းများ ဖွံ့ဖြိုးမှု အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်။

#### ၈.၂.၃.၃ ရောင်းဝယ်ရေးနှင့် ကုန်သွယ်မှု

သစ်တောထွက်ပစ္စည်းများကို ပြည်ပသို့ တန်ဖိုးမြှင့်ပစ္စည်းများအဖြစ် တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတကာ သစ်ဈေးကွက်သို့ ဝင်ရောက်ကုန်သွယ်မှု ပြုရန်။

### ၈.၂.၄ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဝန်းကျင် ထိန်းသိမ်းမှု

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ယင်းတို့၏ နေရင်းဒေသများ ကာကွယ်ထိန်းသိမ်းခြင်းဖြင့်လည်းကောင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ တည်ထောင်ခြင်းဖြင့် လည်းကောင်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်းဖြင့်လည်းကောင်း၊ ဇီဝမျိုးစုံမျိုးကွဲများမျိုးသုဉ်းမည့်အန္တရာယ်မှကာကွယ်ထိန်းသိမ်းရန်။

## ၉။ အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းရေးဆွဲခြင်း

ယခုရေးဆွဲသည့်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းသည် လောက်ကိုင်ခရိုင်အတွင်း သစ်တောသယံဇာတများကို စဉ်ဆက်မပြတ် ဖြစ်ပေါ်တည်ရှိနေရန် ရည်ရွယ်ပါသည်။ စီမံကိန်းသက်တမ်းကာလမှာ (၁၀)နှစ်ဖြစ်၍ စီမံကိန်းစတင်ပြီး (၅)နှစ်အကြာတွင် ပြန်လည်သုံးသပ်ရန်ဖြစ်ပါသည်။ လောက်ကိုင်ခရိုင်အတွင်း ပေါက်ရောက်လျက်ရှိသော သဘာဝတောများကို သစ်ပင်ပေါက်ရောက်မှု၊ သစ်နှင့်သစ်တောထွက်ပစ္စည်း လိုအပ်ချက်၊ ပတ်ဝန်းကျင်နှင့်ရေမြေ ထိန်းသိမ်းမှု လိုအပ်ချက်စသည့် အချက်အလက်များကို အခြေခံပြီး အလုပ်တိုက်နယ်များ ဖွဲ့စည်း တည်ထောင်ပြီး စနစ်တကျစီမံ အုပ်ချုပ်လုပ်ကိုင် သွားမည်ဖြစ်ပါသည်။ အလုပ်တိုက်နယ်များ အလိုက် အုပ်ချုပ်လုပ်ကိုင်သွားမည့် လုပ်ငန်းများကို အသေးစိတ်ပြင်ဆင်ရေးဆွဲ ဖော်ပြထား ပါသည်။

## ၉.၁ ထုတ်လုပ်ရေး သဘာဝတောများ

မရှိပါ။

### ၉.၁.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ

ဖော်ပြရန် မရှိပါ။

### ၉.၁.၂ အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ

ဖော်ပြရန် မရှိပါ။

#### ၉.၁.၂.၁ ထုတ်လုပ်ရေး အလုပ်တိုက်နယ်

ဖော်ပြရန် မရှိပါ။

##### ၉.၁.၂.၁.၁ အလုပ်တိုက်နယ်နှင့်ခုတ်စဉ်များ ဖွဲ့စည်းခြင်း

ဖော်ပြရန် မရှိပါ။

###### ၉.၁.၂.၁.၁.၁သစ်ပင်ပေါက်ရောက်မှု အခြေအနေ

ဖော်ပြရန် မရှိပါ။

###### ၉.၁.၂.၁.၁.၂သစ်တောစိုက်ပျိုးပြုစုနည်းစနစ်

ဖော်ပြရန် မရှိပါ။

###### ၉.၁.၂.၁.၁.၃ခုတ်ပတ်

ဖော်ပြရန် မရှိပါ။

###### ၉.၁.၂.၁.၁.၄ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစား

ဖော်ပြရန် မရှိပါ။

###### ၉.၁.၂.၁.၁.၅တောထွက်တွက်ချက်ခြင်း

ဖော်ပြရန် မရှိပါ။

###### ၉.၁.၂.၁.၁.၆ သစ်မထုတ်မီ သယံဇာတ စာရင်းကောက်ယူခြင်း

ဖော်ပြရန် မရှိပါ။

### ၉.၁.၂.၁.၁.၇ သစ်ထုတ်ပြီး သယံဇာတ စာရင်းကောက်ယူခြင်း

ဖော်ပြရန် မရှိပါ။

### ၉.၁.၂.၁.၁.၈ အုပ်ချုပ်လုပ်ကိုင်မှု ဆိုင်ရာပြဋ္ဌာန်းချက်များ

ဖော်ပြရန် မရှိပါ။

## ၉.၂ ထုတ်လုပ်ရေးသစ်တောစိုက်ခင်းများ

### ၉.၂.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ

လောက်ကိုင်ခရိုင်တွင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းလုပ်ငန်းကို အောက်ဖော်ပါ ရည်ရွယ်ချက်များအတိုင်း ဆောင်ရွက်သွားပါမည်-

(၁) သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမရှိစေဘဲ နိုင်ငံတော်၏ သစ်တော သယံဇာတများကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရန်၊

(၂) စက်မှုလုပ်ငန်းနှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် ဂေဟစနစ်များမျှတမှုကို ပြန်လည်ရရှိစေရန်အတွက် တောပျက်များနှင့် ယာမြေများတွင် ဒေသနှင့် ကိုက်ညီသည့် ဘက်စုံသုံး အဖိုးတန်သစ်မျိုးများ ရွေးချယ်စိုက်ပျိုးရန်၊

(၃) ၁၉၉၅ခုနှစ်တွင် ထုတ်ပြန်သော မြန်မာ့သစ်တောမူဝါဒ၊ မူဝါဒသဘောထားကြေငြာချက် အပိုဒ်ခွဲ(၃-၃)တွင် ဖော်ပြချက်အရ စိုက်ခင်းသစ်တောများသည် သဘာဝသစ်တောများကို အစားထိုးနိုင်ခြေ မရှိကြောင်းကို အသိအမှတ်ပြုလျှက် စိုက်ခင်းနှင့် သဘာဝတောများကို ညီညွတ်မျှတစွာ ပေါင်းစပ်သည့်နည်းဖြင့် နိုင်ငံတော်၏သစ်တော သယံဇာတများကို အကျိုးရှိစွာ အသုံးချသွားနိုင်ရေးအတွက် ထုတ်လုပ်ရေးသစ်တော စိုက်ခင်းများ တည်ထောင်သွားရန်၊

(၄) သဘာဝသစ်တောများကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် တန်ဖိုးမြှင့်တင်ခြင်း ဆောင်ရွက် ရာတွင် ပြည်တွင်းသစ် လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းနှင့် ပြည်ပသို့ တန်ဖိုးမြှင့်သစ်များ တိုးမြှင့် ရောင်းချခြင်းများ ဆောင်ရွက်လျှက်ရှိသလို တဖက်မှလည်း သဘာဝသစ်တောများကို ထိရောက်စွာ ထိန်းသိမ်းကာကွယ်နိုင်ရေး အထောက်အကူဖြစ်စေရန်အတွက် ထုတ်လုပ်ရေးသစ်တော စိုက်ခင်းများကို သင့်တော်သည့် စိုက်ပျိုးပြုစုရေး နည်းစနစ်များအသုံးပြု၍ အတိုင်းအတာတစ်ခုအထိ စိုက်ပျိုးတည်ထောင်သွားရန်၊

(၅) စီးပွားရေးစိုက်ခင်းများ စနစ်တကျစိုက်ပျိုးပြုစု ထိန်းသိမ်းခြင်းဖြင့် ရရှိလာမည့် အကျိုးရလာဒ်များကိုအများပြည်သူများ လက်တွေ့သိမြင်ခံစားနိုင်ပြီး၊ ပြည်တွင်း/ ပြည်ပရင်းနှီးမြုပ်နှံမှုများနှင့် ဒေသခံပြည်သူများ၏ပူးပေါင်းပါဝင်ဆောင်ရွက်မှု များ တိုးတက်ရရှိလာစေရန်၊

(၆) အဖိုးတန်သစ်မျိုးများ၏ ထုတ်လုပ်နိုင်မှုစွမ်းအား တိုးတက်မြင့်မားလာစေပြီး သုတေသနလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးပြုစုခြင်း၊ သစ်အသုံးချခြင်းနှင့် စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း နည်းစနစ်များ ဖွံ့ဖြိုးတိုးတက်လာ စေရန်၊

(၇) ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာ စေပြီး ဆင်းရဲနွမ်းပါးမှုလျော့ချရေးနှင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက် အကူ ဖြစ်စေရန်။

(၈) ထာဝစဉ်တည်တံ့သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု စနစ်ကို အထောက်အကူ ဖြစ်စေရန်။

## ၉.၂.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

လောက်ကိုင်ခရိုင်အတွင်းရှိ စီးပွားရေးစိုက်ခင်းများ၊ စက်မှုကုန်ကြမ်းစိုက်ခင်းများနှင့် ပုဂ္ဂလိကစိုက်ခင်းများကို အောက်ဖော်ပြပါ နည်းလမ်းများအတိုင်း စီမံအုပ်ချုပ်လုပ်ကိုင် ဆောင်ရွက်သွားပါမည်။

(၁) တောအဆင့်အတန်းကျဆင်းသွားပြီး အဖိုးတန်သစ်မျိုးများ သဘာဝအလျောက် မျိုးဆက်နိုင်မှုမရှိသောဧရိယာများတွင် စီးပွားရေးစိုက်ခင်းများရွေးချယ်စိုက်ပျိုး တည်ထောင်ခြင်း

(၂) စိုက်ခင်းမြေနေရာရွေးချယ်ရာတွင် စိုက်ပျိုးမည့်သစ်မျိုးနှင့် သင့်လျော်မှုရှိခြင်း ယခင်က အဖိုးတန်သစ်မျိုးများ မျိုးဆက်ပေါက်ရောက်နိုင်မှု ဧရိယာဖြစ်ခြင်း၊ မြေမျက်နှာသွင်ပြင်၊ မြေအမျိုးအစားနှင့် မြေဆီလွှာအဆင့်အတန်း သင့်တင့် ကောင်းမွန်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးအရ စစ်ဆေးကြီးကြပ်ဆောင်ရွက်ရန် လွယ်ကူခြင်း၊ယခင်စိုက်ခင်းဟောင်းများနှင့်တစ်ဆက်တစ်စပ်တည်းတည်ရှိခြင်း၊ လုပ်သားအလွယ်တကူ ရရှိနိုင်ခြင်း၊ သစ်တောမြေဧရိယာအတွင်း ကျရောက်ခြင်း စသည့်အချက်အလက်များကို အခြေခံ၍ ရွေးချယ်ဆောင်ရွက်ခြင်း

(၃) စိုက်ခင်းလုပ်ငန်းများကို သတ်မှတ်အချိန်ကာလအတွင်း စနစ်တကျပြီးစီးအောင် ဆောင်ရွက်ခြင်း၊ သင့်တော်သည့် သစ်တောစိုက်ပျိုးပြုစုနည်းများ ရွေးချယ် ဆောင်ရွက်ခြင်း၊ စိုက်ခင်းသတ်ပတ်ရွေးချယ်သတ်မှတ်ခြင်း

(၄) တည်ထောင်ပြီးသော စီးပွားရေးစိုက်ခင်းများကိုလည်း ပြန်လည်စစ်ဆေး၍ လိုအပ်သလို ပြုစုထိန်းသိမ်းခြင်း၊ ပင်ကျပ်နုတ်ခြင်းလုပ်ငန်းများကို အချိန်မီ ဆောင်ရွက်ခြင်းဖြင့် စိုက်ခင်းများ၏အဆင့်အတန်း တိုးတက်ကောင်းမွန် လာအောင် ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် သတ်မှတ်ထားသော သက်ပတ်ပြည့်မီ သည့် စိုက်ခင်းများကို အချိန်မီ ခုတ်လှဲထုတ်လုပ်၍ ပြန်လည်စိုက်ပျိုးနိုင်ရေးစီစဉ် ဆောင်ရွက်ခြင်း

(၅) တည်ထောင်ခွင့်ပြုထားသော ပုဂ္ဂလိကစိုက်ခင်းများကို ချမှတ်ထားသော ညွှန်ကြားချက် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အောင်မြင်အောင် ကြီးကြပ် တွန်းအားပေးဆောင်ရွက်ခြင်း

(၆) တောအဆင့်အတန်းနိမ့်ကျသွားသော မြေနေရာများအား တန်ဖိုးမြင့် တင်ရာတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရရှိလာစေရန် ပုဂ္ဂလိကစိုက်ခင်း တည်ထောင်ခွင့်ပြုနိုင်သော မြေနေရာများရွေးချယ်သတ်မှတ်ခြင်းနှင့် ပုဂ္ဂလိက စိုက်ခင်းများ တည်ထောင်လာစေရေး စည်းရုံးပညာပေးခြင်း

(၇) သစ်တောနယ်မြေဧရိယာများအတွင်း နှစ်ကာလရှည်ကြာစွာ ကျူးကျော်စိုက်ပျိုး လာခဲ့သော နှစ်ရှည်စိုက်ခင်းများနှင့် ဥယျာဉ်ခြံများကို မြေငှားရမ်းသည့် စာချုပ် ချုပ်ဆို၍ ပုဂ္ဂလိကစိုက်ခင်းများအဖြစ် တည်ထောင်နိုင်ရေး ဦးစီးရုံးချုပ်သို့ တင်ပြဆောင်ရွက်ခြင်း

(၈) တည်ထောင်ပြီး ဌာနပိုင်စိုက်ခင်းများ၊ ပုဂ္ဂလိကစိုက်ခင်းများနှင့် ဆက်လက် တည်ထောင်သွားမည့် ဌာနစိုက်ခင်းများ၊ ပုဂ္ဂလိကစိုက်ခင်းများကို စိုက်ကွက်စဉ် များဖွဲ့စည်း၍ စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်ဆောင်ရွက်ခြင်း

## ၉.၂.၂.၁ စိုက်ခင်းများ အလုပ်တိုက်နယ်

လောက်ကိုင်ခရိုင်အတွင်း တည်ထောင်ထားသော စီးပွါးရေး(ထင်းရှူး) စိုက်ခင်း (၁၀၀)ဧက၊ ပုဂ္ဂလိကစိုက်ခင်း (၇၇၇)ဧကကို စိုက်ခင်းများ အလုပ်တိုက်နယ်တွင် ထည့်သွင်း ဖွဲ့စည်းထားပါသည်။ လက်ရှိလုံခြုံရေးအခြေအနေအရ တည်ထောင်ပြီး စိုက်ခင်းများနှင့် စိုက်ခင်းတည်ထောင်နိုင်မည့်ဧရိယာများကို ကွင်းဆင်းစစ်ဆေး ရွေးချယ်နိုင်မှုမရှိပါ။ နယ်မြေ လုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်လာပါက ကွင်းဆင်းစစ်ဆေး၍ ဆက်လက် တင်ပြဆောင်ရွက်သွားပါမည်။

### ၉.၂.၂.၁.၁ အလုပ်တိုက်နယ်နှင့် စိုက်ကွက်စဉ်ဖွဲ့စည်းမှု

လောက်ကိုင်ခရိုင် စိုက်ခင်းများအလုပ်တိုက်နယ်အတွင်း စီးပွားရေးစိုက်ခင်း များ အလုပ်တိုက်နယ်တွင် နှစ်စဉ်စိုက်ကွက် (၃)ခု၊ ဧရိယာ(၁၀၀)ဧက၊ ပုဂ္ဂလိက စိုက်ခင်းများ အလုပ်တိုက်နယ်တွင် နှစ်စဉ်စိုက်ကွက်(၃)ခု၊ ဧရိယာ(၇၇၇)ဧက၊ စုစုပေါင်း(၈၇၇)ဧကဖြင့် ဖွဲ့စည်းထားပါသည်။ စိုက်ခင်းများ အလုပ်တိုက်နယ် စိုက်ကွက်စဉ်များ ဖွဲ့စည်းထားရှိမှုကို ဇယား(၉.၂.၂.၁.၁)ဖြင့် ဖော်ပြအပ် ပါသည်။

**စီးပွါးရေးစိုက်ခင်းများ အလုပ်တိုက်နယ်**

**စိုက်ကွက်စဉ်( I )ထင်းရှူး** ဇယား(၉.၂.၂.၁.၁)

| စဉ် | နှစ်စဉ် စိုက်ကွက် | စိုက်ခင်း အမှတ် | တည်ထောင် သည့်ခုနှစ် | တည်နေရာ | အကွက်/ ခုတ်ကွက် | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁။ | ၁ | ၁/၉၂ | ၁၉၉၂-၁၉၉၃ | လောက်ကိုင်ကြိုးပြင် | | ၆၅ | |
| | | ၂/၉၂ | ၁၉၉၂-၁၉၉၃ | လောက်ကိုင်ကြိုးပြင် | | ၂၃ | |
| | | ၃/၉၂ | ၁၉၉၂-၁၉၉၃ | လောက်ကိုင်ကြိုးပြင် | | ၁၂ | |
| | | | **နှစ်စဉ်စိုက်ကွက်ပေါင်း** | | | **၁၀၀** | |
| | | | **စုစုပေါင်း** | | | **၁၀၀** | |

ဇစ်မြစ်-လောက်ကိုင်ခရိုင်၊ သစ်တောဦးစီးဌာန

## ပုဂ္ဂလိကစိုက်ခင်းများ အလုပ်တိုက်နယ်

**စိုက်ကွက်စဉ်( I ) ပုဂ္ဂလိက(သစ်မာ)** ဇယား(၉.၂.၂.၁.၁)

| စဉ် | နှစ်စဉ် စိုက်ကွက် | တည်ထောင် သည့်ခုနှစ် | တည်နေရာ | အကွက်/ ခုတ်ကွက် | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ၁ | ၂၀၁၁-၂၀၁၂ | လောက်ကိုင်ကြိုးပြင် | | ၁၂ | |
| | | ၂၀၁၂-၂၀၁၃ | လောက်ကိုင်ကြိုးပြင် | | ၅၅၀ | |
| | | ၂၀၁၃-၂၀၁၄ | လောက်ကိုင်ကြိုးပြင် | | ၂၁၅ | |
| | | **နှစ်စဉ်စိုက်ကွက်ပေါင်း** | | | ၇၇၇ | |
| | | **စုစုပေါင်း** | | | ၇၇၇ | |

ဇစ်မြစ်-လောက်ကိုင်ခရိုင်၊ သစ်တောဦးစီးဌာန

### ၉.၂.၂.၁.၁.၁ နေရာဒေသ ရွေးချယ်ခြင်း

လောက်ကိုင်ခရိုင်တွင် စီးပွားရေးစိုက်ခင်း တည်ထောင်မည်ဆိုပါက တောင်ယာဖုန်းဆိုးဟောင်းများ၊ စိုက်ခင်းတည်ထောင်နိုင်မည့် တောပျက်တောညံ့ဧရိယာများတွင် ဦးစားပေးရွေးချယ်ဆောင်ရွက်သွားပါမည်။

### ၉.၂.၂.၁.၁.၂ ဒေသနှင့်သစ်မျိုးလိုက်ဖက်မှု

လောက်ကိုင်ခရိုင်တွင် စီးပွားရေးစိုက်ခင်း တည်ထောင်မည်ဆိုပါက မြေမျက်နှာသွင်ပြင်နှင့် ရာသီဥတုအခြေအနေအရ ထင်းရှူးသစ်မျိုးကိုသာ ရွေးချယ်စိုက်ပျိုးသွားပါမည်။

### ၉.၂.၂.၁.၁.၃သစ်တောစိုက်ပျိုးပြုစုခြင်း နည်းစနစ်

လောက်ကိုင်ခရိုင်အတွင်း တည်ထောင်ပြီး စီးပွားရေးစိုက်ခင်းများကို ပြန်လည်စစ်ဆေး၍ လိုအပ်သလိုတင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖာထေးစိုက်ပျိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက ဌာနဆိုင်ရာညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်သွားပါမည်။

လောက်ကိုင်ခရိုင်တွင် စီးပွားရေးစိုက်ခင်းများ တည်ထောင်မည်ဆိုပါက တောပျက်တောညံ့များ၊ တောင်ယာဖုန်းဆိုးဟောင်းများ၊ ချုံတောများ၊ တောင်ကတုံးများ၊မြေကွက်လပ်နေရာများတွင် အပြောင်ခုတ်လှဲပြီး ကျင်းတူးစိုက်ပျိုးသည့် နည်းစနစ်ဖြင့် စိုက်ပျိုးတည်ထောင်သွားပါမည်။ ပေါင်းသင်ရှင်းလင်းခြင်း၊ မီးကာကွယ်ခြင်း၊ ပင်ကြပ်နှုတ်ခြင်းစသည့် ထိန်းသိမ်းပြုစု

ပျိုးထောင်ခြင်းလုပ်ငန်း များကို ဌာနဆိုင်ရာညွှန်ကြားချက်များ အတိုင်း ဆောင်ရွက်သွားပါမည်။

စီးပွားရေးစိုက်ခင်းများ တည်ထောင်ရန်အတွက် လိုအပ်သော ထင်းရှူး မျိုးစေ့များကို ဒေသတွင်းမှ စုဆောင်းသွားမည်ဖြစ်ပြီး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလာပါကမျိုးသန့်ပင်၊ မျိုးသန့်ဥယျာဉ်များ တည်ထောင် သွားပါမည်။

လုပ်ကိုင်မည့် လုပ်ငန်းအဆင့်ဆင့်နှင့် ကာလအပိုင်းအခြားအလိုက် ဆောင် ရွက်ပုံကို ဇယား(၉-၂-၂-၁-၁-၃)တွင် ဖော်ပြအပ်ပါသည်။

# စိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်း အချိန်ဇယား

ဇယား(၉-၂-၂-၁-၁-၃)

| စဉ် | လုပ်ငန်းအမည် | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူ | ဩ | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | မြေနေရာရွေးချယ် တိုင်းတာခြင်း | | | | | | | | | | | — | |
| ၂။ | တောင်ယာကွက်များခွဲဝေခြင်း | | | | | | | | | | | | — |
| ၃။ | တောင်ယာခုတ်ခြင်း | — | — | | | | | | | | | | |
| ၄။ | မီးကာကွယ်ခြင်း | — | — | — | — | — | | | | | | | |
| ၅။ | မီးရှို့ခြင်း | | | | — | | | | | | | | |
| ၆။ | ကျွန်းခွေခြင်း | | | — | — | — | | | | | | | |
| ၇။ | ပန္နက်ရိုက်ခြင်း | | | | | | | | | | | | |
| ၈။ | သစ်စေ့စုဆောင်ခြင်း | | | | | | | | | | | | |
| ၉။ | ပျိုးပင်များပြုစုပျိုးထောင်ခြင်း | | | | | | — | — | | | | | |
| | ပျိုးဥယျာဉ်လုပ်ငန်းများ | — | — | — | — | — | | | | | | | |
| ၁၀။ | စိုက်ပျိုးခြင်း | | | | | — | — | | | | | | |
| ၁၁။ | သေပင်ဖာထေးခြင်း | | | | | | | — | — | | | | |
| ၁၂။ | ပထမအကြိမ်ပေါင်းသင် ရှင်းလင်းခြင်း | | | | | | | | | — | — | | |
| ၁၃။ | ဒုတိယအကြိမ်ပေါင်းသင် ရှင်းလင်းခြင်း | | | | | | | | | | | | — |
| ၁၄။ | တတိယအကြိမ်ပေါင်းသင် ရှင်းလင်းခြင်း | | | | | | | | | | | | |
| ၁၅။ | ရှင်ပင်ရေတွက်ခြင်း | | | | | | | | | | | | |

ဖစ်မြစ် - လောက်ကိုင်ခရိုင် သစ်တောဦးစီးဌာန

## ၉.၂.၂.၁.၁.၄ သက်ပတ်

စီးပွားရေးစိုက်ခင်းအတွက် ထင်းရှူးသစ်မျိုးများ၏ သတ်ပတ်ကို (၄၀)နှစ် သတ်မှတ်ပါသည်။

## ၉.၂.၂.၁.၁.၅ အုပ်ချုပ်လုပ်ကိုင်မှုပြဋ္ဌာန်းချက်များ

### ၉.၂.၂.၁.၁.၅.၁ စိုက်ခင်းမတည်ထောင်မီ လုပ်ငန်းများ

စိုက်ခင်းများကို မတည်ထောင်မီ အကြိုလုပ်ကိုင်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ အောက်ဖော်ပြပါ ပြဋ္ဌာန်းချက်များအတိုင်း တိကျစွာ လိုက်နာ ဆောင်ရွက်ရပါမည်-

(၁)စိုက်ခင်း တည်ထောင်ရန်အတွက် သဘာဝတောကောင်း များကို ခုတ်ထွင်ရှင်း လင်းခြင်းမပြုဘဲ၊ ပျက်စီးယိုယွင်း လျက်ရှိသော သဘာဝတောများ (Degraded Forests) ကိုသာ သစ်တော စိုက်ခင်းများ တည်ထောင်မည် ဖြစ်ပါသည်။

(၂)ဒေသအဆင့်၊ အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့် ထူးခြား ရှားပါးသည့် မြေမျက်နှာသွင်ပြင်နှင့် ယဉ်ကျေးမှု အမွေအနှစ်များ ဖြစ်တည်လျက်ရှိသော ဒေသများတွင် သစ်တောစိုက်ခင်းများ တည်ထောင်မည်မဟုတ် ပါ ။

(၃)သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် ကြိုးပြင် ကာကွယ် တော၊ကြိုးဝိုင်းတောများအတွင်း၌သာ တည်ထောင်မည် ဖြစ်ပါသည်။ ကြိုးပြင်တောတွင် စိုက်ခင်းတည်ထောင်ပါက ကြိုးပြင်ကာကွယ် တော အဖြစ် သတ်မှတ်ဆောင်ရွက် ပါမည်။

(၄)စီမံကိန်းကာလ (၁၀)နှစ်တာအတွင်း စိုက်ခင်းများ တည်ထောင်ရန် ရည်ရွယ်သည့်ဧရိယာများကို စစ်ဆေးပြီး ပါဝင်ပင် မြေပုံရေးဆွဲ၍ ခုတ်လှဲမျိုးဆက်ခြင်း စီမံကိန်းကို ဌာနဆိုင်ရာ ညွှန်ကြားချက်အပိုဒ် ၆၅၊ ၁၁၃-၁၁၅ နောက်ဆက်တွဲ (၇)နှင့် အမှုထမ်းများလိုက်နာရန် အမိန့်လက်စွဲအပိုဒ် ၁၃၅၊ နောက်ဆက်တွဲ(၂၂)တွင် ဖော်ပြသည့် အတိုင်း လိုက်နာဆောင်ရွက်မည် ဖြစ်ပါသည်။

(၅)ကျွန်းနှင့်သစ်မာ ပင်ထောင်ရိုက်မှတ်ခြင်းနှင့် ထုတ်လုပ်ခြင်း လုပ်ငန်းများကို စီမံကိန်းကာလ(၁၀)နှစ်အတွင်း ဆောင်ရွက်နိုင်ရန် ရှိမည်မဟုတ်ပါ။

(၆)မျိုးဆက်ခြင်းသစ်တောစိုက်ခင်းများ ရွေးချယ်ရာတွင် မိမိဒေသနှင့် သင့်လျော်သည့် သစ်မျိုးများကို ရွေးချယ်ခြင်း၊ သင့်လျော်သည့် နေရာကို စိုက်ခင်းတည်ထောင်ရန် ရွေးချယ်ခြင်း၊ သင့်တော်သည့် စိုက်ပျိုး ပြုစုနည်းစနစ် ရွေးချယ်ခြင်းစသည့် မျိုးဆက်ခြင်း လုပ်ငန်းများနှင့် သက်ဆိုင်သည့် လုပ်ငန်းများအား ဌာနဆိုင်ရာ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**၉.၂.၂.၁.၁.၅.၂ စိုက်ခင်းတည်ထောင်ပြီး ဆောင်ရွက်ရမည့် လုပ်ငန်းများ**

တည်ထောင်ပြီး သစ်တောလုပ်ငန်းစိုက်ခင်းများတွင် လုပ်ကိုင်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ အောက်ပါပြဌာန်းချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်-

**၁။ပေါင်းသင်ရှင်းလင်းခြင်း**

(က) သစ်တောစိုက်ခင်းများတွင် ဌာနဆိုင်ရာ ညွှန်ကြားချက်များ အတွင်း စိုက်ခင်းအမျိုးအစားအလိုက် သတ်မှတ်ထားသည့် ပေါင်းရှင်းသည့် အရေအတွက်အတိုင်း ပေါင်းရှင်းဆောင်ရွက် လျက်ရှိပါ သည်။

( ခ )ပေါင်းသင်ရှင်းလင်းခြင်း လုပ်ငန်းနှင့်ပတ်သက်၍ အမှုထမ်း များ လိုက်နာရန် အမိန့်လက်စွဲအပိုဒ် ၁၃၈ (က) ( ခ )( ဂ )၊ ၁၃၉ နှင့် ဌာနဆိုင်ရာ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင် ရွက်လျက်ရှိပါ သည်။

**၂။ မီးကာကွယ်ခြင်း**

မီးဘေးအန္တရာယ် ကာကွယ်ရန်အတွက် မီးကာကွယ်ခြင်း လုပ်ငန်း ကို ဌာနဆိုင်ရာ ညွှန်ကြားချက်အမှတ် (၉၉) (၁၀၀) နှင့် အမှုထမ်း များ လိုက်နာရန် အမိန့်လက်စွဲ အပိုဒ်(၁၃၇)၊ (၁၄၄ မှ ၁၆၃ အထိ) အရ တိကျစွာ လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၃။ ပင်ကျပ်နှုတ်ခြင်း

(က) ပင်ကျပ်နှုတ်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် အမှုထမ်း များ လိုက်နာရန် အမိန့်လက်စွဲအပိုဒ် ၁၄၂၊ ၁၄၃၊ ၁၄၃(က)နှင့် နောက်ဆက်တွဲ (၂၇)အရ ဖော်ပြထားသည့် ပင်ကြပ်ခုတ်လှဲ ရာတွင် လိုက်နာရန် နည်းလမ်းများနှင့် ဌာနဆိုင်ရာညွှန်ကြား ချက်များအတိုင်း လိုက်နာ ဆောင်ရွက်မည်ဖြစ်ပါသည်။

( ခ )ပင်ကြပ်နှုတ်ခြင်း လုပ်ငန်းများကို ပင်ကြပ်နှုတ်ခြင်း အစီ အစဉ် နောက်ဆက်တွဲ ဇယား(စ)အရ ဆောင်ရွက်မည်ဖြစ် ပါသည်။

## ၄။ ရောဂါပိုးမွှား အန္တရာယ်ကာကွယ်ခြင်း

(က) စိုက်ပျိုးမည့် သစ်မျိုးသည်စိုက်ပျိုးသည့် ဒေသ(site)နှင့် ကိုက်ညီလိုက်ဖက်ရန်၊

( ခ )ရောဂါပိုးမွှားများကို ဖြစ်နိုင်ပါက ဓါတုပစ္စည်းများ အသုံးပြု၍ ကာကွယ်ဟန့်တားခြင်းထက် ဇီဝဆိုင်ရာ ထိန်းသိမ်းမှု နည်း စနစ် မျိုးစုံများကို အသုံးပြုရန်၊

( ဂ )သစ်မျိုးရောနှောစိုက်ပျိုးခြင်း၊ ရွက်အုပ်လွှာ အဆင့်ဆင့် စိုက် ပျိုးခြင်းတို့ကို ဆောင်ရွက်ရန်၊

(ဃ) ရောဂါပိုးမွှားများ တစ်နေရာမှ တစ်နေရာသို့ ပြန့်ပွားကူးစက် မှုများကို ကာကွယ်ထိန်းသိမ်းစစ်ဆေးမည့် နည်းစနစ်များ ချမှတ် အကောင်အထည်ဖော်ရန်၊

( င )စိုက်ခင်းဒေသပတ်ဝန်းကျင်တွင်သဘာဝတောများထိန်းသိမ်း ထားရှိရန်၊

( စ )ရောဂါပိုးမွှားများ ကာကွယ်ထိန်းသိမ်းမှု ပြုလုပ်နိုင်ရန်၊ အဆိုပါ ပိုးမွှားတို့၏ ဘဝဖြစ်စဉ်နှင့် အလေ့အထကို သိရှိ နားလည် ထားရန်၊

(ဆ) ရောဂါပိုးမွှားကာကွယ်ခြင်း နှင့်ပတ်သက်၍ ဌာနဆိုင်ရာ ညွှန်ကြားချက်အပိုဒ်(၁၀၄)အတိုင်း လိုက်နာ ဆောင်ရွက်ရန်၊

၅။ **စိုက်ခင်းမှတ်တမ်းများ ပြုစုခြင်း**

တည်ထောင်ပြီး သစ်တောစိုက်ခင်းများအား ဌာနဆိုင်ရာ ညွှန်ကြားချက်များအတိုင်း စိုက်ခင်းမှတ်တမ်းနှင့် စိုက်ခင်းဒေသ အနေအထား ဖော်ပြသော မြေပုံများ ရေးဆွဲထားပြီး ဖြစ်ပါသည်။

၆။ **စိုက်ခင်းဟောင်းများထိန်းသိမ်းခြင်း**

နယ်မြေလုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်လာပါက တည်ထောင်ပြီးသော စီးပွားရေးစိုက်ခင်းများကို ကွင်းဆင်းစစ်ဆေး၍ လိုအပ်သလို ဖာထေးစိုက်ပျိုးခြင်းကို ဆောင်ရွက်သွားပါမည်။ အလားတူ ကြိုးပြင်တောမြေတွင်စိုက်ပျိုးထားသော စီးပွားရေး စိုက်ခင်းများကို ကြိုးပြင်ကာကွယ်တောဖွဲ့စည်းနိုင်ရေး ဆောင်ရွက်သွားပါမည်။

**၉.၂.၂.၁.၁.၆ သစ်တောသယံဇာတစာရင်း ကောက်ယူခြင်း**

**၉.၂.၂.၁.၁.၆.၁ ကြားဖြတ်တောထွက်**

စိုက်ခင်းကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာများအရ တည်ထောင်ပြီးသော စီးပွားရေးစိုက်ခင်းများအားလုံးပျက်စီးသွားကြောင်း သိရှိရပြီး မြေပြင်ကွင်းဆင်းစစ်ဆေးနိုင်ခြင်းမရှိသေးပါ၍ ကြားဖြတ်တောထွက် ဖော်ပြနိုင်ခြင်း မရှိပါ။

**၉.၂.၂.၁.၁.၆.၂ အပြီးသတ်တောထွက်**

စိုက်ခင်းကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာများအရ တည်ထောင်ပြီးသော စီးပွားရေးစိုက်ခင်းများအားလုံးပျက်စီးသွားကြောင်း သိရှိရပြီး မြေပြင်ကွင်းဆင်းစစ်ဆေးနိုင်ခြင်းမရှိသေးပါ၍ အပြီးသတ်တောထွက် ဖော်ပြနိုင်ခြင်း မရှိပါ။ စီမံကိန်းကာလအတွင်း သက်ပတ်နှစ်(၄၀)ပြည့်မြောက်မည့် စီးပွားရေးစိုက်ခင်းများမရှိပါ။

**၉.၂.၃ အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းနှင့် ဥပဒေစည်းမျဉ်းစည်းကမ်းဆိုင်ရာ စီမံခန့်ခွဲမှု**

စိုက်ခင်းတည်ထောင်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ဝန်ထမ်းများကို သီးခြားတာဝန်ပေးအပ်၍ ကြီးကြပ်လုပ်ကိုင်စေမည်ဖြစ်ပါသည်။ လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ်ဦးစီးအရာရှိများမှ လိုအပ်သော ပံ့ပိုးမှုများ ကူညီဆောင်ရွက် ပေးမည်ဖြစ်ပြီး

တိုင်း/ ပြည်နယ် အရာရှိများမှ စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေး ဆိုင်ရာလုပ်ငန်းများကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားပါမည်။ စိုက်ခင်းလုပ်သားများအနေဖြင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံများကို လုပ်ငန်းတစ်ခုခြင်းအလိုက် နေ့စား/ပုတ်ပြတ်စနစ်ဖြင့် လုပ်အားခများ ပေးချေ၍ လုပ်ငန်းအောင်မြင် အောင်စည်းရုံး ဆောင်ရွက်နေရပါသည်။ သစ်တော ဝန်ထမ်းများအနေဖြင့် တောတွင်းစိုက်ကွက်များတွင် ယာယီအဆောက်အဦး များ ဆောက်လုပ်ပြီးနေထိုင်၍ လုပ်ငန်းများကြီးကြပ် လုပ်ကိုင်ဆောင်ရွက်လျက် ရှိပါသည်။ စိုက်ခင်းတာဝန်ယူသော ဝန်ထမ်းများ၊ တောင်ယာလုပ်သားများ၏ ကျန်းမာရေး၊ စားဝတ်နေရေးပံ့ပိုးကူညီနိုင်လျှင်ပို၍ လုပ်ငန်းများအောင်မြင်နိုင်မည်ဖြစ် ပါသည်။

ထို့ပြင် သွားလာမှုလွယ်ကူစေရန်နှင့် ပျိုးဥယျာဉ်လုပ်ငန်းများတွင်ကျယ်စွာ လုပ်ကိုင် နိုင်ရန်အတွက် စိုက်ခင်းလုပ်ငန်း လုပ်ကိုင်နေသော မြို့နယ်တစ်မြို့လျှင် ထွန်စက်နှင့် ထွလာတစ်စီး ပံ့ပိုးပေးသင့်ပါသည်။ ထို့အပြင် ပျိုးဥယျာဉ်သုံး ကြောပိုးဆေးဖျန်းပုံး များ၊ တုံကင်များ၊ ရေစုပ်စက်များ ပံ့ပိုးပေးပါက လုပ်ငန်းများတိုးတက် အောင်မြင် လာမည် ဖြစ်ပါသည်။

သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် နိုင်ငံတော်၏ သစ်တောသယံဇာတ များကို အကျိုးအရှိဆုံး အသုံးချသွားနိုင်ရေးအတွက် လည်းကောင်း၊ သဘာဝ သစ်တောများကို ထိရောက်စွာ ထိန်းသိမ်းကာကွယ်နိုင်ရေး အထောက်အကူ ဖြစ်စေနိုင်ရန်လည်းကောင်း၊ သစ်တောစိုက်ခင်းများကို စိုက်ပျိုးလုပ်ကိုင်ရမည်ဖြစ်ရာ တည်ထောင်ပြီး စိုက်ခင်း များကို ပျက်စီးမှုမရှိစေရန် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်း၊ အချိန်မှန်ပြုစု ထိန်းသိမ်းမှု လုပ်ငန်းများဆောင်ရွက်ပေးခြင်းများကို တာဝန်ကျ ဝန်ထမ်းများမှ စီမံ ခန့်ခွဲရေးနည်းဖြင့် လည်းကောင်း၊ သစ်တောဥပဒေဖြင့် ကာကွယ်ခြင်းဖြင့်လည်းကောင်း စနစ်တကျ ဆောင်ရွက် ရမည်ဖြစ်ပါသည်။

## ၉.၂.၄ ဘတ်ဂျက်နှင့် ဘဏ္ဍာရေး

ဒေသ၏လုပ်အားခ ဈေးနှုန်းကြီးမြင့်သဖြင့် သစ်တောစိုက်ခင်းရန်ပုံငွေကို ပြင်ပပေါက် ဈေးနှုန်းနှင့်အညီ သတ်မှတ်ခွင့်ပြုသင့်ပါသည်။ ထို့ပြင်စိုက်ခင်းများ လျော့နည်းပျက်စီး မှုကို လျော့ပါးသက်သာစေရန်အတွက် စိုက်ခင်းဟောင်း နယ်နိမိတ်ပြင်ဆင်ခြင်း လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ရန် လိုအပ်သဖြင့် စိုက်ခင်းနယ်နိမိတ် ပြင်ဆင်ခြင်း လုပ်ငန်းရန်ပုံငွေခွဲဝေသတ်မှတ်ခွင့်ပြုသင့်ပါသည်။

## ၉.၃ ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ

### ၉.၃.၁ အုပ်ချုပ်လုပ်ကိုင်မှု ရည်ရွယ်ချက်များ

ဒေသထောက်ပံ့ရေး/ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ခြင်း၏ ရည်ရွယ်ချက်များမှာ -

(က) သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမဖြစ်စေဘဲ ဒေသခံပြည်သူများ၏ အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို စဉ်ဆက်မပြတ် ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန်၊

(ခ) ပြည်သူလူထု၏တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုကိုရယူပြီး သစ်တောများ ပျက်စီးပြုန်းတီးသွား သောနေရာများတွင် သစ်တောစိုက်ခင်းများ စိုက်ပျိုးတည်ထောင်ခြင်းနှင့် သစ်တောများပြန်လည်ပြုစု ပျိုးထောင်ခြင်းလုပ်ငန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊

(ဂ) ဒေသထောက်ပံ့ရေး/ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောနှင့် စိုက်ခင်းများကို အဆက်မပြတ် တည်ထောင်ပြုစုထိန်းသိမ်းခြင်းဖြင့် ရရှိလာမည့် အကျိုးရလာဒ်များကို ဒေသခံပြည်သူများ လက်တွေ့သိမြင်ခံစားရရှိနိုင်ပြီး သစ်တောထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများတွင် ၎င်းတို့၏တက်ကြွသော ပူးပေါင်းပါဝင် ဆောင်ရွက်မှု ပိုမိုရရှိလာစေရန်၊

(ဃ) ဒေသခံပြည်သူလူထုအတွင်း သစ်တောပြုစုထိန်းသိမ်းရေးနှင့် စနစ်တကျသုံးစွဲရေးဆိုင်ရာ အသိအမြင်၊ အတွေ့အကြုံ၊ ဗဟုသုတများ တိုးပွားလာစေပြီး စွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေခြင်းဖြင့် သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းများတွင် ၎င်းတို့၏ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှု အခန်းကဏ္ဍပိုမိုမြင့်မားလာစေရန်။

(င) ဒေသလိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးဖြည့်ဆည်းပေးခြင်းဖြင့် ဆင်းရဲနွမ်းပါးမှု လျော့ကျစေပြီး နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်၊

(စ) ထာဝစဉ်တည်တံ့သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုစနစ်ကို အထောက်အကူဖြစ်စေရန်။

## ၉.၃.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

လောက်ကိုင်ခရိုင်အတွင်းရှိ ဒေသခံပြည်သူလူထု၏ အခြေခံစားဝတ်နေရေး လိုအပ်ချက်ဖြစ်သော ထင်း၊ မီးသွေး၊ ဝါး၊ တိုင်၊ မျော စသည့် သစ်တောထွက်ပစ္စည်းများ ရေရှည် ထုတ်ယူသုံးစွဲနိုင်ရေးအတွက် အောက်ပါအတိုင်း စီမံအုပ်ချုပ်လုပ်ကိုင် ဆောင်ရွက်သွားပါမည်-

(၁) ဒေသလိုအပ်ချက်အား ဖြည့်ဆည်းပေးနေသည့် ကျေးရွာနှင့် အနီးဝန်းကျင်ရှိ ကြိုးပြင်တောဧရိယာများနှင့် ကျေးရွာပိုင်တောများ လျော့နည်းပျက်စီးခြင်း မရှိအောင် ဒေသခံပြည်သူလူထုများ၊ ဒေသအာဏာပိုင်များနှင့် ပူးပေါင်း၍ ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ခြင်း၊ တောအခြေအနေ တိုးတက်ကောင်းမွန်လာစေရန် ဓမ္မတာနည်း/ ပဝတ္တိနည်းများဖြင့် ပြုစုထိန်းသိမ်းခြင်း၊

(၂) ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ရှင်သန်အောင်မြင်မှုနည်းပါးသော ကျေးရွာသုံးစိုက်ခင်းများအား ပြန်လည် ဖာထေးစိုက်ပျိုးခြင်း၊

(၃) ကျေးရွာပိုင် မြေကွက်လပ်များနှင့် နေအိမ်စည်းရိုးများ၊ လယ်ယာစည်းရိုးများတွင် ကျေးရွာပိုင်စိုက်ခင်းများ တိုးချဲ့တည်ထောင်ခြင်း၊

(၄) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများတည်ထောင်နိုင်ရေး စည်းရုံးပညာပေးခြင်း၊

(၅) လူဦးရေတိုးတက်လာမှုကြောင့် ထင်း/မီးသွေး လိုအပ်ချက်ပမာဏ မြင့်မားလာမှုကို စနစ်တကျထိန်းချုပ်စီမံ ဆောင်ရွက်နိုင်ရန်အတွက် စွမ်းအားမြင့်မီးဖို သုံးစွဲနည်းနှင့် ထင်းအစားအခြား လောင်စာသုံးစွဲနည်းများ ဖြန့်ဝေသရုပ်ပြသပညာပေးခြင်း၊ ဌာနအစီအစဉ်ဖြင့် လည်းကောင်း၊ NGO, INGO အဖွဲ့အစည်း များနှင့် ချိတ်ဆက်၍လည်းကောင်း စွမ်းအားမြင့် မီးဖိုများနှင့် ထင်းအစားထိုး လောင်စာတောင့်များ ဖြန့်ဝေပေးခြင်း၊

(၆) ထင်း၊ တိုင်၊ မျော လိုအပ်ချက်အထောက်အကူဖြစ်စေရန် လယ်/ယာမြေများတွင် သီးနှံသစ်တောရောနှောစိုက်ပျိုးသည့် အလေ့အထ ဖြစ်ပေါ်လာအောင် သရုပ်ပြသပညာပေးစည်းရုံးခြင်း၊ ပုဂ္ဂလိကနှစ်ရှည်/ ဥယျာဉ်ခြံမြေများတွင် သစ်တောသစ်ပင် များ ရောနှောဖြည့်စွက် စိုက်ပျိုးနိုင်ရေး စည်းရုံးပညာပေးခြင်း၊

(၇) ပဝတ္တိမျိုးဆက်ခြင်း၊ ဓမ္မတာမျိုးဆက်ခြင်း၊ ပင်ကျပ်နုတ်ခြင်း၊ ပင်ပူးခွာ ကိုင်းချိုင်ခြင်းစသည့် သစ်တောလုပ်ငန်းများမှ ထွက်ရှိလာသော ထင်းလောင်စာများကို ဒေသခံပြည်သူလူထုသို့ အခမဲ့ဖြန့်ဝေပေးခြင်း၊

(၈) ပြည်သူလူထုအတွင်း သစ်တောကာကွယ်ထိန်းသိမ်းရေးအသိအမြင်များ နိုးကြားထကြွလာစေရန် စံပြထင်းစိုက်ခင်းများ တည်ထောင်သရုပ်ပြသခြင်း၊ ပြည်သူလူထုသို့ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးခြင်းနှင့် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပခြင်း စသည့်နည်းလမ်းများဖြင့် ဆောင်ရွက်သွားပါမည်။

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၏ တက်ကြွစွာပူးပေါင်း ပါဝင်ဆောင်ရွက်မှု ရရှိအောင်စည်းရုံး နိုင်ရေးမှာ အဓိကကျသော အချက်ဖြစ်ပါသည်။ လောက်ကိုင်ခရိုင်တွင် တိုင်းရင်းသား လူမျိုးပေါင်းစုံ နေထိုင်ကြသဖြင့် ဒေသအစွဲနှင့်လူမျိုးစွဲကြီးမားခြင်း၊ ရိုးရာဓလေ့ ထုံးစံများမတူညီကွဲပြားခြင်း စသည့်အခြေအနေများကြောင့် ဒေသခံပြည်သူလူထု၏ အပြည့်အဝပူးပေါင်းပါဝင် ဆောင်ရွက်မှုကို ရရှိရေးစည်းရုံးဆောင်ရွက်ရာတွင် ပထမဦးစွာ လူမျိုးစုအဖွဲ့ အစည်းခေါင်းဆောင်များ၏ ယုံကြည်ကိုးစားမှုကို ရယူတည်ဆောက်၍ ၎င်းတို့မှတဆင့် ဒေသခံတိုင်းရင်းသားများ လက်ခံနားလည်သဘောပေါက်လာစေရန် စိမ့်ဝင်စည်းရုံးပညာပေးသည့် နည်းလမ်းကို အဓိကအသုံးပြု ဆောင်ရွက်သွားပါမည်။ ဘာသာစကားကျွမ်းကျင်ပြီး အတွေ့အကြုံရှိသည့် ဒေသခံဝန်ထမ်းများအား ရွေးချယ် တာဝန်ပေးအပ်သွားပါမည်။

ထို့အပြင်သစ်တောနယ်မြေဇရိယာပြင်ပတွင် အဓိထားဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်၍ ဥပဒေနှင့်အညီ စနစ်တကျထိန်းသိမ်းအုပ်ချုပ်လုပ်ကိုင် ဆောင်ရွက်နိုင်ရန် လုပ်ငန်းစဉ်အားလုံးကို သက်ဆိုင်ရာ မြို့နယ်/ခရိုင်/ပြည်နယ် မြေအသုံးချမှုကော်မတီနှင့် စီမံအုပ်ချုပ်မှု ကော်မတီအဆင့်ဆင့်သို့ တင်ပြအတည်ပြုချက်ရယူ၍ လည်းကောင်း၊ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့် ပေါင်းစပ်ညှိနှိုင်း၍ လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။

## ၉.၃.၂.၁ ဒေသထောက်ပံ့ရေး/ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ အလုပ် တိုက်နယ်

### ၉.၃.၂.၁.၁ အလုပ်တိုက်နယ်နှင့် လုပ်ကွက်စဉ်ဖွဲ့စည်းခြင်း

ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ အလုပ်တိုက်နယ်ကို ဒေသခံပြည်သူလူထု၏ ထင်း၊ တိုင်၊ မျော၊ ဝါး လိုအပ်ချက်နှင့် ပံ့ပိုးဖြည့်ဆည်းပေးရမည့် ပမာဏ၊ ပံ့ပိုးဖြည့်ဆည်းပေးနိုင်သည့် အခြေအနေတို့အပေါ်မူတည်၍ ဖွဲ့စည်းသတ်မှတ်ထားပါသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ လောက်ကိုင်ခရိုင်၏ ထင်း၊ ဝါး၊ တိုင်/ မျော သုံးစွဲသူ အိမ်ထောင်စုဦးရေနှင့် လိုအပ်ချက်အား အောက်ပါအတိုင်း တွက်ချက်ဖော်ပြပါသည်။

**သစ်၊ ထင်း၊ ဝါး၊ တိုင်/မျော လိုအပ်ချက် ဇယား**

| စဉ် | သစ်တောထွက်ပစ္စည်း အမျိုးအမည် | သုံးစွဲသည့် အိမ်ထောင်စု ဦးရေ | (၁)နှစ် ပျမ်းမျှ သုံးစွဲမှုနှုန်း | (၁)နှစ် ပျှမ်းမျှ လိုအပ်ချက် |
|---|---|---|---|---|
| ၁ | ထင်း | တောနေ - ၁၆၀၅၀ (၇၆%)<br>မြို့နေ - ၅၀၆၈ (၂၄%) | ၂.၅ ကုဗတန်<br>၁.၄ ကုဗတန် | ၄၀၁၂၅ ကုဗတန်<br>၇၀၉၅ ကုဗတန် |
| | | | **စုစုပေါင်း** | **၄၂၇၇၀ ကုဗတန်** |
| ၂ | ဝါး | တောနေ- ၃၅၅၆ (၇၆%)<br>မြို့နေ - ၁၁၂၃ (၂၄%) | ၁၃၀ လုံး<br>၁၃၀ လုံး | ၄၆၂၂၈၀ လုံး<br>၁၄၅၉၉၀ လုံး |
| | | | **စုစုပေါင်း** | **၆၀၈၂၇၀ လုံး** |
| ၃ | တိုင် | တောနေ-၁၆၁၄ (၇၆%)<br>မြို့နေ- ၅၁၀ (၂၄%) | ၀.၀၃ လုံး<br>၀.၀၁ လုံး | ၄၈ လုံး<br>၅ လုံး |
| | | | **စုစုပေါင်း** | **၅၃လုံး** |
| ၄ | မျော | တောနေ-၁၆၁၄ (၇၆%)<br>မြို့နေ- ၅၁၀ (၂၄%) | ၀.၀၃ လုံး<br>၀.၁ လုံး | ၄၈ လုံး<br>၅၀ လုံး |
| | | | **စုစုပေါင်း** | **၉၈ လုံး** |

လောက်ကိုင်ခရိုင်တွင် တည်ထောင်ပြီးသော ကျေးရွာထင်းစိုက်ခင်းများအား ကွင်းဆင်းစစ်ဆေးနိုင်မှု မရှိသဖြင့် ထင်းထုတ်လုပ်သုံးစွဲနိုင်မှုပမာဏကို ခန့်မှန်းတွက်ချက်နိုင်ခြင်းမရှိပါ။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ထားမှု မရှိပါ။ ပုဂ္ဂလိကထင်းခြံ/ဝါးခြံများ တည်ထောင်ထားမှု အခြေအနေကိုလည်း စာရင်းကောက်နိုင်မှုမရှိပါ။ အလားတူ ဒေသထောက်ပံ့ရေး အကွက်များ

ကို ကွင်းဆင်းတိုင်းတာသတ်မှတ်နိုင်ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ လောက်ကိုင်ခရိုင်၏ ထင်း/ ဝါး/ တိုင်/ မျော လိုအပ်ချက်များကို သဘာဝတောများမှ ဖြည့်ဆည်းမပေးနိုင်ပါ။

လောက်ကိုင်ခရိုင်၏ ဒေသထောက်ပံ့ရေး/ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများအလုပ်တိုက်နယ်တွင် တည်ထောင်ပြီးကျေးရွာထင်းစိုက်ခင်း (၃၆၀)ဧကကိုသာ ထည့်သွင်းဖွဲ့စည်းထားပါသည်။ နယ်မြေလုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်လာ ပါ က ကွင်းဆင်းစာရင်းကောက်ယူပြီး ဒေသလိုအပ်ချက်ကို အပြည့်အဝပံ့ပိုး ဖြည့်ဆည်းနိုင်ရန်အလုပ်တိုက်နယ်ကိုပြန်လည်ပြင်ဆင်ဖွဲ့စည်းသွားပါမည်။ ဒေသထောက်ပံ့ရေး/ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများအလုပ်တိုက်နှင့် လုပ်ကွက်စဉ်များဖွဲ့စည်းထားရှိမှုကို ဇယား ၉-၃-၂-၁-၁ ဖြင့် ဖော်ပြအပ် ပါသည်။

**ဒေသထောက်ပံ့ရေး/ ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်းများစိုက်ကွက်စဉ်**

ဇယား(၉.၃.၂.၁.၁)

| စဉ် | နှစ်စဉ် စိုက်ကွက် | စိုက်ခင်း အမှတ် | တည်ထောင် သည့်ခုနှစ် | တည်နေရာ | အကွက်/ ခုတ်ကွက် | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁။ | ၁ | ၁/၉၀ | ၁၉၉၀-၁၉၉၁ | ချင်းရွှေဟော်ကြိုးပြင် | | ၅၀ | |
| | | | **နှစ်စဉ်စိုက်ကွက်(၁)ပေါင်း** | | | **၅၀** | |
| ၂။ | ၂ | ၁/၉၁ | ၁၉၉၁-၁၉၉၂ | လောက်ကိုင်ကြိုးပြင် | | ၇၄ | |
| | | ၂/၉၁ | ၁၉၉၁-၁၉၉၂ | လောက်ကိုင်ကြိုးပြင် | | ၂၆ | |
| | | | **နှစ်စဉ်စိုက်ကွက်(၂)ပေါင်း** | | | **၁၀၀** | |
| ၃။ | ၃ | ၁/၉၂ | ၁၉၉၂-၁၉၉၃ | လောက်ကိုင်ကြိုးပြင် | | ၇၄ | |
| | | ၂/၉၂ | ၁၉၉၂-၁၉၉၃ | လောက်ကိုင်ကြိုးပြင် | | ၂၆ | |
| | | | **နှစ်စဉ်စိုက်ကွက်(၂)ပေါင်း** | | | **၁၀၀** | |
| ၄။ | ၄ | ၂/၉၉ | ၁၉၉၉-၂၀၀၀ | လောက်ကိုင် | | ၃၅ | |
| | | ၃/၉၉ | ၁၉၉၉-၂၀၀၀ | ချင်းရွှေဟော်ကြိုးပြင် | | ၇၅ | |
| | | | **နှစ်စဉ်စိုက်ကွက်(၃)ပေါင်း** | | | **၁၁၀** | |
| | | | **စုစုပေါင်း** | | | **၃၆၀** | |

ဖစ်မြစ် - လောက်ကိုင်ခရိုင် သစ်တောဦးစီးဌာန

### ၉.၃.၂.၁.၁.၁သစ်ပင်ပေါက်ရောက်မှု အခြေအနေ

လုံခြုံရေးအခြေအနေကြောင့် ခရိုင်အတွင်းရှိ ကြိုးပြင်တောများနှင့် ကျေးရွာသုံးစိုက်ခင်းဟောင်းများအခြေအနေကို ကွင်းဆင်းစစ်ဆေးနိုင်မှု မရှိသေးသော်လည်း ဒေသလုံခြုံရေး တိုးတက်ကောင်းမွန်လာပါက ကွင်းဆင်းစစ်ဆေး တင်ပြသွားပါမည်။

### ၉.၃.၂.၁.၁.၂သစ်တောစိုက်ပျိုးပြုစုနည်းစနစ်

လောက်ကိုင်ခရိုင်အတွင်း တည်ထောင်ပြီး ကျေးရွာသုံးစိုက်ခင်းများကို ပြန်လည်စစ်ဆေး၍ လိုအပ်သလိုတင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖာထေးစိုက်ပျိုးခြင်းလုပ်ငန်းများဆောင်ရွက်မည်ဆိုပါကဌာနဆိုင်ရာညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်သွားပါမည်။ စိုက်ခင်းများမှ ထုတ်ယူသုံးစွဲနိုင်သည့်အချိန်ရောက်ရှိသည့်အခါတွင် နှစ်စဉ်ခုတ်ကွက်များသတ်မှတ်၍ ငုတ်တက်ချွန်ခုတ်လှဲနည်းစနစ် ကျင့်သုံးဆောင်ရွက်သွားပါမည်။ ကြိုးပြင်တောတွင် ဒေသထောက်ပံ့ရေးအကွက်များ ဖွဲ့စည်းသတ်မှတ်နိုင်ပါက ငုတ်တက် ချွန်ခုတ်လှဲခြင်းနှင့် ငုတ်တက်ပင်ချန်စနစ်များ ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပြီး ထင်းထုတ်ပြီးအကွက်များ မျိုးဆက်ရာတွင် အဓိကအားဖြင့် ဓမ္မတာနည်းဖြင့်လည်းကောင်း၊ ကွက်လပ်ဖြည့်စိုက်ပျိုးနည်းဖြင့်လည်းကောင်း မူရင်းဒေသခံသစ်မျိုးများဖြင့် ဦးစားပေးရွေးချယ်ဆောင်ရွက်သွားပါမည်။

### ၉.၃.၂.၁.၁.၃ သစ်ထုတ်မည့်စနစ်

ခုတ်ပတ်အလိုက် အကွက်ငယ်များ ခွဲခြမ်းစိတ်ဖြာ၍ အပြောင်ရှင်း စနစ်ကို အသုံးပြုမည် ဖြစ်ပါသည်။

### ၉.၃.၂.၁.၁.၄ခုတ်ပတ်

ထင်းထောက်ပံ့ရေးဖြစ်သဖြင့် ခုတ်ပတ်ကို (၅)နှစ် ထားရှိပါမည်။

### ၉.၃.၂.၁.၁.၅ ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစား

ဒေသခံပြည်သူလူထု၏ လိုအပ်ချက်အရ ထင်းအဖြစ် အသုံးပြုနိုင်သည့် အရွယ် လုံးပတ် (၁) ပေနှင့် အထက်ကို ထုတ်ယူခွင့်ပြုပါမည်။

## ၉.၃.၂.၁.၁.၆ တောထွက် တွက်ချက်ခြင်း

တောထွက်ကို အောက်ဖော်ပြပါအတိုင်း တွက်ချက်သတ်မှတ်သွားပါမည်-

$$\text{နှစ်စဉ်တောထွက်(ထင်း)} = \frac{\text{ထုတ်လုပ်ခွင့်ပြုသည့် ဧရိယာစုစုပေါင်း}}{\text{ခုတ်ပတ်(၅-နှစ်)}}$$

$$\text{နှစ်စဉ်တောထွက်(ဝါး)} = \frac{\text{ထုတ်လုပ်ခွင့်ပြုသည့် ဧရိယာစုစုပေါင်း}}{\text{ခုတ်ပတ်(၃-နှစ်)}}$$

## ၉.၃.၂.၁.၁.၇ သစ်မထုတ်မီ သယံဇာတ စာရင်းကောက်ယူခြင်း

ထင်းမထုတ်မီ တောထွက်သိရှိနိုင်ရေးအတွက် အနည်းဆုံးတစ်နှစ် ကြိုတင်၍ စာရင်းကောက်ယူပါမည်။

## ၉.၃.၂.၁.၁.၈ သစ်ထုတ်ပြီး သယံဇာတစာရင်းကောက်ယူခြင်း

သစ်တောထွက်ပစ္စည်း (ထင်း)ထုတ်ပြီးနောက် ထင်းထုတ်လုပ်ခဲ့သော သစ်ပင်စာရင်းအရ သစ်တောစိုက်ပျိုးပြုစုခြင်း လုပ်ငန်းဖြစ်သည့် ငုတ်တက်ချွန်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် ထင်းထုတ်ပြီး (၁)နှစ်အတွင်း စာရင်း ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်ပါမည်။

## ၉.၃.၂.၁.၁.၉ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ပြဌာန်းချက်များ

ဒေသခံပြည်သူလူထု၏ သစ်၊ ထင်း၊ ဝါး၊ တိုင်/မျောလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နယ်မြေလုံခြုံရေးအခြေအနေကို တိုးတက်ကောင်းမွန်လာပါက ကြိုးပြင်တောဧရိယာများကို ကွင်းဆင်းစစ်ဆေး၍ ဒေသထောက်ပံ့ရေးအကွက်များ ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်သွားပါမည်။

ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်ကို လုပ်ငန်းများဆောင်ရွက်ရာ၌ ဌာနဆိုင်ရာညွှန်ကြားချက်များအရ အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်-

(က) ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်များတွင် ကြိုးဝိုင်းအနီး နေထိုင်သည့် ကျေးရွာပြည်သူလူထုအား အခွန်လွတ်/ အခွန်တော်ဖြင့် သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ ထုတ်ယူခြင်းနှင့်ပတ်သက်၍

ဌာနဆိုင်ရာညွှန်ကြားချက် အပိုဒ်(၂၄၀) မှ (၂၄၃)အထိ ပြဋ္ဌာန်းချက်အား လိုက်နာဆောင်ရွက်မည် ဖြစ်ပါသည်။

(ခ) ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်များတွင် ပါဝင်ဖွဲ့စည်း ထားသည့် ဧရိယာအားလုံးအား ကွင်းနင်းစစ်ဆေးပြီး ၄" = ၁မိုင်စကေး မြေပုံဖြင့် ထောက်ပံ့ရေးအကွက်နှင့် အနားပေးအကွက်ဟူ၍ ခွဲခြားဖော်ပြသွားပါမည်။

(ဂ) ထောက်ပံ့ရေးအကွက်များတွင် အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(၁) ကျွန်းနှင့်သစ်မာ၊ ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်မည် ဖြစ်ပါသည်။

(၂) ဒေသထောက်ပံ့ရေးအတွက် ထင်း၊ တိုင်၊ မျော၊ထုတ်လုပ်ရန် နှစ်စဉ်ခုတ်ကွက်အလိုက် အုပ်ချုပ်လုပ်ကိုင်မှု မြေပုံကို ၄ = ၁မိုင်စကေးဖြင့် ရေးဆွဲခြင်း၊ နှစ်စဉ်ခုတ်ကွက်များ၏ နယ်နိမိတ်သတ်မှတ်ခြင်း၊ ခုတ်ပတ်အလိုက် ထုတ်လုပ်ခွင့်ပြုသည့် နှစ်စဉ်ခုတ်ကွက်များဖွင့်လှစ်မည့် အစီအစဉ်များ ရေးဆွဲသတ်မှတ်ခြင်း၊ ထင်း၊ တိုင်၊ မျော၊ ထုတ်လုပ်ခွင့်ပြုမည့် အရွယ်အစားများ သတ်မှတ်ခြင်း၊ ခုတ်လှဲခွင့်မပြုသောချန်ပင်များကိုနှစ်စဉ်ခုတ်ကွက်များအတွင်း ကွင်းဆင်းစစ်ဆေး မှတ်သားခြင်း၊ ကျေးလက် ပြည်သူလူထုအား နှစ်စဉ်ခုတ်ကွက် ဖွင့်လှစ်မည့် ဧရိယာကေနှင့် တည်နေရာ၊ လိုက်နာရမည့် စည်းကမ်းချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဖွင့်လှစ်မည့်အချိန်၊ (မတ်လ(၁)ရက်မှ မေလ(၃၀)ရက်ထိ) စည်းကမ်းဖောက်ဖျက်ပါက အပြစ်ပေးမည့် အပြစ်ဒဏ်များထုတ်ပြန် ကြေညာခြင်း၊ ခုတ်ကွက်ပိတ်ပြီးနောက် (၅)နှစ်အထိ မီးကာကွယ်ခြင်းများ ဆောင်ရွက်သွားပါမည်။

(၃) ခုတ်ကွက်စဉ်အလိုက် ပြုစုပျိုးထောင်မည့် နည်းစနစ်များ ဖြစ်သော သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ ဓမ္မတာနည်းဖြင့် မျိုးဆက်ခြင်း၊ ငုတ်ချွန်တော ခုတ်လှဲနည်းစနစ်၊ ငုတ်ချွန်

ပင်ချန် ခုတ်လှဲနည်းစနစ်ဖြင့် မျိုးဆက်ခြင်း၊ မျိုးကာကွယ်ခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက်ပြဋ္ဌာန်းချက်များ သီးခြား ရေးဆွဲဆောင်ရွက်သွားပါမည်-

(ဃ) အနားပေး အကွက်များတွင်လည်း အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်သွားပါ မည်-

(၁) အုပ်ချုပ်လုပ်ကိုင်မှု မြေပုံများကို ၄ : ၁မိုင်စကေး ဖြင့် ရေးဆွဲခြင်း၊

(၂) သစ်တောပြုစုပျိုးထောင်နည်း စနစ်များဖြစ်သော နွယ်ဖြတ် ငုတ်တက်ချွန်ခြင်း၊ ပေါင်းသင်ရှင်းလင်းခြင်း၊ မီးကာကွယ်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ရန် အတွက် ပြဋ္ဌာန်းချက်များ သီးခြား ရေးဆွဲခြင်း၊

( င ) လာမည့်စီမံကိန်းကာလအတွင်းလုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်လာပါက လျော့နည်းပျက်စီးသွားသော ဒေသထောက်ပံ့ရေး စိုက်ခင်းများအား အသေးစိတ်ကွင်းဆင်းစစ်ဆေး၍ ပြန်လည်ဖာထေးစိုက်ပျိုး ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားပါမည်။

( စ ) အလားတူ ကြိုးပြင်တောမြေများတွင် စိုက်ပျိုးထားသော ဒေသထောက်ပံ့ရေးစိုက်ခင်းများ ထပ်မံလျော့နည်း ပျက်စီးခြင်း မရှိရလေအောင် အဆိုပါစိုက်ခင်းဧရိယာများအား ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများအဖြစ် ဖွဲ့စည်းနိုင်ရန် စီစဉ်ဆောင်ရွက်သွားပါမည်။

### ၉.၃.၂.၂ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်ခြင်း

ဒေသလိုအပ်ချက်ဖြစ်သော ထင်း၊ မီးသွေး၊ မျှော၊ တိုင် စသည့်အခြား သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူနိုင်ရေးအတွက် ဒေသခံပြည်သူများ သစ်တောပြုစုစိုက်ပျိုး ထိန်းသိမ်းရေးလုပ်ငန်းများတွင် အပြည့်အဝပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်ပါသည်။ ၎င်းတို့၏ အပြည့်အဝပူးပေါင်းပါဝင်ဆောင်ရွက်မှုရရှိရန်တွက် ဒေသစွဲများ ပပျောက်ပြီး အသိစိတ်ဓါတ်မြင့်မားလာစေရန် ပညာပေးစည်းရုံးခြင်းလုပ်ငန်းများကို အတွေ့အကြုံရှိသော ဒေသခံဝန်ထမ်းများ ဦးဆောင်

